www.dhammadownload.com

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရာဘိဝံသ
B.A (Myanmar), M.A (SriLanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကဓမ္မာစရိယ
ဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

မနက်ဖြန်ဆိုတာ မသေချာ

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရာဘိဝံသ

B.A (Myanmar), M.A (SriLanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကဓမ္မာစရိယ
ဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

မနက်ဖြန်ဆိုတာ မသေချာ



www.dhammadownload.com

"ဓမ္မစကား၊ နေ့တိုင်းကြားက၊
စိတ်ထားဖွေးလက်၊ သိဉာဏ်တက်၏"

ဓမ္မဒါနကုသိုလ်ရှင်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏။

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံး

ဝေမွန်လင်း

ထုတ်ဝေသည့်ကာလ

၂၀၁၆၊ မတ်လ (ပထမအကြိမ်)

ပုံနှိပ်သူ

ဖြိုးဝေလျှံပုံနှိပ်တိုက်၊
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

ထုတ်ဝေသူ

ဆုပြည့်စုံထွန်းစာပေ
ဒေါ်ခင်မာရွှေ(၀၀၂၅၆)
အမှတ် - ၅၀၈/၅၁၂၊ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၃၈၃၆၆၄၊ ၃၈၆၈၃၃။

အုပ်ရေ

၅၀၀ အုပ်

တန်ဖိုး

၄၀၀ ကျပ်

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

မနက်ဖြန်ဆိုတာ မသေချာ

ဖြန့်ချိရေး
ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂၊ (၂-ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammadownload.com

ဓမ္မဒူတ တရားတမန်

ဓမ္မဒူတာ စာပို့ချ သင်ကြ ကျင့်ကြစေ။

ဓမ္မဒူတာ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။

ဓမ္မဒူတာ ဟောဖော်ပြ နာကြ ကျင့်ကြစေ။

ဓမ္မဒူတာ တရားပြ ကျင့်ကြ ကျိုးရစေ။

www.dhammadownload.com



ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A (SriLanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊သာသနဟိတဂဏဝါစကဓမ္မာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadownload.com

ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

- မွန်ပြည်နယ်၊ သထုံမြို့ ညောင်ပိုင်းရပ်နေ ဦးကျော်လှိုင်+ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ဖွားမြင်သည်။
- တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။
- တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့

www.dhammadownload.com

မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူကျောင်းတို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်းကောင်း ပညာသင်ယူခဲ့ပါသည်။

- သာသနဓဇ ဓမ္မာစရိယဘွဲ့၊
- သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊
- သာသနဟိတ ဂဏဝါစက ဓမ္မာစရိယဘွဲ့၊
- B.A (Myanmar), M.A (SriLanka), Ph.D (India) ဘွဲ့တို့ကို ရရှိခဲ့ သည်။
- ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တော် ကို ရရှိခဲ့သည်။
- ၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ဆက်ကပ်သော အဘိဝံသဘွဲ့တော် ကို ရရှိခဲ့သည်။
- ၂၀၁၀ပြည့်နှစ်တွင်နိုင်ငံတော်မှဆက်ကပ်သော ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တော် ကို ရရှိခဲ့ သည်။
- ဓမ္မဒူတဆရာတော်ကြီးလွန်တော်မူသည့်၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်း ဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော် အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

www.dhammadownload.com

- ၂၀၀၄ ခုနှစ်မှစတင်၍ သထုံမြို့နယ်၊ ကျိုက်ကော် ကျေးရွာတွင် ဓမ္မဒူတ သုခိတာရုံကျောင်းတိုက် ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်သည်။
- ၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်း တွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည် ထောင်ဖွင့်လှစ်သည်။
- ၂၀၁၃ ခုနှစ်မှစတင်၍ ကျိုက်ထိုမြို့တွင် ဓမ္မဒူတ တောရသာသနာ့ရိပ်သာကို တည်ထောင်ဖွင့် လှစ်သည်။
- ၂၀၁၃ ခုနှစ်မှစတင်၍ ရန်ကုန်မြို့ စမ်းချောင်း မြို့နယ် ဥယျာဉ်တိုက်အတွင်းတွင် ဓမ္မဒူတ အောင်ခြင်းကျောင်းတိုက်အား တည်ထောင် ဖွင့်လှစ်ခဲ့သည်။
- ဓမ္မဒူတတောရ သာသနာ့ရိပ်သာများ၏ ပဓာန နာယကဆရာတော်အဖြစ် ဆောင်ရွက်ပြီး စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

www.dhammadownload.com

မနက်ဖြန်ဆိုတာ မသေချာ

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ ညတွင် သုံးခွမြို့ ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်အဖွဲ့မှ ကြီးမှူးကျင်းပအပ်သော ဓမ္မသဘင်ဝယ် ဟောကြားအပ်သော "မနက်ဖြန်ဆိုတာ မသေချာ" တရားတော်။

www.dhammadownload.com

မနက်ဖြန်ဆိုတာ မသေချာ

လူတစ်ယောက်အတွက် နက်ဖြန်ဆိုတာ မသေချာပါဘူး။ မြတ်စွာဘုရားမိန့်ကြားခဲ့တဲ့ "အဇ္ဇေဝ ကိစ္စံ အာတပ္ပံ" ဆိုတဲ့ စကား ရှိပါတယ်။

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။

န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ

လို့ ဟောတော်မူခဲ့တာပါ။

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ။ အဇ္ဇေဝ - အခါမရွေ့ ဤယနေ့ကပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အမှုကိစ္စ မှန်သမျှကို၊ အာတပ္ပံ - မချွတ်သေပြုအပ်ပါပေ၏။

အဲဒီစကားလေးကို အကျယ်ချဲ့ပြီးပြောပြချင်လို့ပါ။ "အဇ္ဇေဝ - အခါမရွေ့ဤယနေ့ကပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ကိစ္စ မှန်သမျှကို၊ အာတပ္ပံ - မချွတ်သေ ပြုအပ်ပါပေ၏" ဆိုတာက "ပြုသင့်ပြုထိုက်တဲ့ ကိစ္စမှန်သမျှကို အချိန်အခါ မရွေးနဲ့" လို့ ပြောကြားတဲ့ စကားပါပဲ။

www.dhammadownload.com

အရေးကြီးတဲ့ကိစ္စ၊ အရေးကြီးတဲ့အကြောင်းအရာ တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်တော့မယ်ဆိုရင် ချက်ချင်းလုပ်လို့ပြောတဲ့ အဓိပ္ပာယ်ပါ။ ဒီကိစ္စကို မဖြစ်မနေလုပ်ရမယ်၊ လုပ်ကိုလုပ်ရမယ်ဆိုတဲ့အလုပ်မျိုးကို အချိန်မဆွဲရပါဘူး။ ချက်ချင်းလုပ်ရမှာပါ။ ချက်ချင်းလုပ်ပါတဲ့။

တစ်ခါတစ်ရံမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို "နောင်မှလုပ်မယ်၊ နောင်မှလုပ်မယ်၊ နောက်တစ်နေ့မှလုပ်မယ်၊ နက်ဖြန်မှလုပ်မယ်၊ သန်ဘက်ခါမှလုပ်မယ်" လို့ အချိန်ဆွဲရင်းဆွဲရင်းနဲ့ အချိန်မရ လိုက်တာမျိုး၊ မလုပ်ဖြစ်လိုက်တာမျိုး ကြုံရတတ်ပါတယ်။ အဲဒီအတွက်ကို ဘုရားရှင်က သတိပေးပါတယ်။

"အခါမရွေ့ ဤယနေ့ကပင်လျှင်၊ ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ မုချပုံသေပြုအပ်ပါပေ၏" လို့ပြောရတာအကြောင်း ရှိပါတယ်။

တစ်ဆက်ထဲမှာပဲမြတ်စွာဘုရားရှင်က အကြောင်းပြတဲ့ စကား မိန့်ကြားပါတယ်။

န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

"သေမင်းနဲ့ ချိန်းထားတာမရှိလို့ပါ" တဲ့။ သေမင်းနဲ့ ဘယ်သူမှ အချိန်းအချက် မလုပ်နိုင်ကြပါဘူး။ ဘယ်နေ့ငါလာမယ်၊ ဘယ်နေ့မှခေါ်ပါ၊ ဘယ်အချိန်မှခေါ်ပါ ဆိုပြီးတော့ ချိန်းထားတာ မရှိပါဘူး။

တကယ်လို့သာ သေမင်းက ရုတ်တရက် ချက်ချင်းအချိန်မရွေးရောက်လာမယ်ဆိုရင် ကိုယ့်မှာ အဆင်သင့်မဖြစ်မှာစိုးလို့ သတိပေးတဲ့ စကားတော်ပါ။

www.dhammadownload.com

ကုန်သည်ကြီးတစ်ယောက်

ဒီသတိပေးစကားရပ် ဖြစ်ပေါ်ခဲ့တဲ့အကြောင်း အဖြစ်အပျက်လေးက ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်မှာ သီတင်းသုံးတဲ့အချိန်က ဖြစ်ပျက်ခဲ့တာပါ။ မဟာဓနဝါဏိဇ္ဇဆိုတဲ့ ကုန်သည်ကြီးတစ်ယောက်ကို အကြောင်းပြုပြီးတော့ မိန့်ကြားတော်မူခဲ့တာပါ။

ဗာရာဏသီပြည်သား စီးပွားရေးလုပ်ငန်း တွင်တွင်ကျယ်ကျယ်လုပ်နေတဲ့ ကုန်သည်ကြီးတစ်ယောက် ရှိပါတယ်။ သူနေတဲ့ ဗာရာဏသီမြို့နဲ့ မြတ်စွာဘုရား သီတင်းသုံးတဲ့ သာဝတ္ထိမြို့က မိုင်ပေါင်းများစွာ ကွာဝေးပါတယ်။

ဗာရာဏသီပြည်က ကုန်သည်ကြီးက သူတို့မြို့က ထွက်ကုန်ပစ္စည်းတွေကို လှည်းအစီးငါးရာနဲ့ဝယ်၊

www.dhammadownload.com

မြတ်စွာဘုရားသီတင်းသုံးတဲ့သာဝတ္ထိမြို့မှာသွားရောက်ပြီးတော့ ရောင်းချပါတယ်။ သာဝတ္ထိကထွက်တဲ့ ထွက်ကုန်ပစ္စည်းတွေ တစ်ခါပြန်ဝယ်လာ ဗာရာဏသီမှာပြန်ရောင်းချဆိုပြီးတော့ ကုန်ရောင်းကုန်ဝယ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကုန်သည်တစ်ယောက်ပါ။ သူ့ကိုအကြောင်းပြုပြီးတော့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့တရားပါ။

ကုန်သည်ဆိုတော့ သူ့ခေါင်းထဲမှာ အရောင်းအဝယ်အကြောင်းပဲ ရှိပါတယ်။ ဘယ်လိုကုန်မျိုး ဝယ်သွားရမယ်။ ဘယ်နေရာမှာ ရောင်းရမယ်။ ဘယ်ဈေးနဲ့ဝယ်ရင်တော့ဖြင့် ဘယ်လောက်အမြတ်အစွန်းရမယ်။ ဒါကိုပဲ အမြဲတမ်း တွက်ဆနေတဲ့ ကုန်သည်ကြီးဟာကုသိုလ်ကောင်းမှုကို သတိမရပါဘူး။ ကုသိုလ်ရေးတွေကို မေ့နေပါတယ်။

လူကလူ့အလုပ် လုပ်ကိုင်နေတာပါလို့ ပြောချင်ပြောကြပါလိမ့်မယ်။ ကုန်သည်တွေလည်း ကုန်သည်အလုပ်လုပ်ကိုင်ကြတယ်။ တောင်သူဦးကြီးတွေလည်းလယ်လုပ်ငန်း လုပ်တယ်။ အမှုထမ်းတွေလည်း သူ့ဆိုင်ရာ ဆိုင်ရာ ရုံးလုပ်ငန်း၊ ရုံးကိစ္စ လုပ်ကိုင်ကြတယ်။ လူတိုင်းလူတိုင်းလိုလို မအားလပ်နိုင်တဲ့ ကိုယ့်အလုပ်နဲ့ကိုယ် နစ်မျောပြီးတော့နေကြတော့ ကုသိုလ်ကောင်းမှုကို မေ့နေတတ်ကြပါတယ်။ ကုသိုလ်ကောင်းမှုပြုဖို့ကိုမေ့နေကြတယ်။ သာမန်အကြောင်းကိစ္စမှာ မေ့ပြီးတော့

www.dhammadownload.com

မလုပ်ဖြစ်တာ ကိစ္စမရှိပါဘူး။ ကုသိုလ်မေ့ရင် ဒုက္ခရောက်တတ်ပါတယ်။

ကုန်သည်ကြီးက စဉ်းစားတယ်။ "သာဝတ္ထိမှာ ပွဲလမ်းသဘင် အကြီးအကျယ်ရှိတဲ့အချိန် ဗာရာဏသီက ထွက်ကုန်တွေဝယ်သွားမယ်။ သာဝတ္ထိမှာ ရောင်းချမယ်၊ အမြတ်အစွန်းတွေ အများကြီးရမှာပဲ"လို့ ခုနစ်ရက် ခုနစ်လီ ကျင်းပတဲ့ပွဲတော်ကြီးအမီ ရောင်းချဖို့ ကုန်ပစ္စည်းတွေစုလိုက်တာမနည်းပါဘူး။လှည်းအစီးငါးရာနဲ့ ကုန်ပစ္စည်းတွေ အပြည့်ရအောင် တင်ရပါတယ်။ စိတ်ကူးထဲမှာတော့ "ဒီပွဲသဘင်ကြီးအမီ ငါ သွားမယ်၊ ခုနစ်ရက်အတွင်း ရောင်းမယ်၊ အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့သူတွေ ဒီကုန်ပစ္စည်းတွေ ဝယ်ယူကြရင် ခုနစ်ရက်လောက် ရောင်းရင် ကုန်သွားပါမယ်။ အမြတ်အစွန်းက ဘယ်လောက်ရမယ်။ သာဝတ္ထိက ထွက်ကုန်တွေ ပြန်ဝယ်လာခဲ့မယ်။ သားသမီးအတွက် ဘာဝယ်မယ်။ဇနီးအတွက်ဘာဝယ်မယ်။နောင်လုပ်ငန်းတွေ တိုးချဲ့ဖို့ အရင်းအနှီးတွေ ဘယ်လောက်စုဆောင်းမိမယ်" စဉ်းစားပြီးတော့ ရောင်းချဖို့ ထွက်သွားပါတယ်။

www.dhammadownload.com

တွက်မထားတော မြစ်လော

သေသေချာချာ စဉ်းစားတွက်ချက်ပြီး ကုန်သည်ကြီး အရောင်းအဝယ်ခရီး သွားလိုက်တာ အဆင်ပြေပြေပါပဲ။ အခက်အခဲမရှိဘဲ သာဝတ္ထိပြည်မရောက်ခင် အစီရဝတီမြစ်တစ်စင်းသာခြားတဲ့ နေရာအထိ ချောချောမောမော ရောက်သွားပါတယ်။ မြစ်ရဲ့ဟိုဘက်ကမ်း ကူးလိုက်တာနဲ့ သာဝတ္ထိ ရောက်ပြီ။

ဒီဘက်ကမ်းမှာတင် မိုးချုပ်သွားတော့ "အေးအေးဆေးဆေး တို့ ဒီတစ်ညတော ဒီနေရာမှာပဲ အနားယူကြတာပေါ့။ နက်ဖြန်မနက် စောစောရောက်ရင် အချိန်မီတာပဲ" ဆိုပြီး တစ်ဖွဲ့လုံး မြစ်ကမ်းဘေးမှာ စခန်းချကြပါတယ်။ ချက်ပြုတ်စားသောက် နားနေကြပါတယ်။ မထင်မှတ်ဘဲနဲ့ တစ်ညလုံး ရွာသွန်းတဲ့မိုးက ကြောက်လန့်စရာပါ။ မြစ်ညာဘက်မှာလည်း အကြီးအကျယ်

www.dhammadownload.com

ရွာချပါတယ်။ ကုန်သည်ကြီးတို့ ရောက်နေတဲ့နေရာ ပတ်ဝန်းကျင်မှာလည်း အကြီးအကျယ် မိုးတွေကရွာတော့ မြစ်ကြီးက ရေလျှံလာပါတယ်။ ကြည့်ရင်းကြည့်ရင်းနဲ့ ရေတွေက လျှံလာတော့ ဟိုဘက်ကမ်းကူးလို့ မရတော့ပါဘူး။

မနက်မိုးလင်းကြည့်လိုက်ချိန်မှာ မြစ်ပြင်ကျယ်ကြီး ရေပြည့်လာ ရေတွေကြီးလာလို့ အသက်ဘေးက လွတ်အောင် ကမန်းကတန်း နောက်ပြန်ဆုတ်ပြီးတော့ ဘေးကင်းရာမှာ စခန်းချနေလိုက်ကြရပါတယ်။ ရွာသွန်းတဲ့ မိုးကလည်း ခုနစ်ရက်တိုင်တိုင်ပါ။ ဟိုဘက်ကမ်းမှာ ကျင်းပတဲ့ ပွဲတော်ကြီး ကလည်းခုနစ်ရက်ပါ။

သူ့စိတ်ကူးနဲ့ သူတွက်ထားတာတွေ တခြားစီဖြစ်ကုန်ပါပြီ။ ပွဲတော်အမီ သွားမယ်၊ ရောင်းမယ်၊ ကုန်ပစ္စည်းတွေ ကုန်သွားရင် ဘာတွေပြန်ဝယ်မယ်။ အိမ်သုံးကုန်၊ လူသုံးကုန်တွေ ဝယ်သွားမယ်။ စဉ်းစားထားတာ၊ တွေးထားတာတွေ အကောင်အထည် မဖော်နိုင်တော့ပါဘူး။

အကောင်အထည် မပေါ်တော့ပါဘူး။ ကုန်သည်ကြီး ဒီဘက်ကမ်းမှာပဲ ဖြစ်သလို စခန်းချနေရပါတယ်။ လှည်းအစီးငါးရာနဲ့ စောင့်နေတာ ခုနစ်ရက်တင်းတင်းပြည့်တော့မှ မိုးကလည်းတိတ်တယ်။ ရေစီးကလည်း ကျသွားပါတယ်။ ဟိုဘက်ကမ်းကူးမယ်လို့ ပြင်ဆင်ကြပါတယ်။

www.dhammadownload.com

မြတ်စွာဘုရားရှင် သိမြင်

မြတ်စွာဘုရားရှင်က ချွတ်ချွတ်သင့်တဲ့သတ္တဝါများကို သနားကရုဏာနဲ့ တစ်နေ့နှစ်ကြိမ် လောကကို ကြည့်တော်မူလေ့ရှိပါတယ်။ သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တဲ့အချိန်မှာ မဟာဓနဝါဏိဇ္ဇကုန်သည်ကြီး သက်တမ်း ကုန်တော့မယ်ဆိုတာကို မြတ်စွာဘုရား သိမြင်တော်မူပါတယ်။

သက်တမ်းကုန်ပါတော့မယ်။ ကုန်သည်ကြီးရဲ့ အသက်တစ်ရက်ပဲ ကျန်ပါတော့တယ်။ တစ်ရက်လေးသာ အသက်ရှင်ပါတော့မယ်။ ကုန်သည်ကြီးဟာ အချိန်မီ ကုသိုလ်ကောင်းမှုတွေပြုပါမှ ကုသိုလ်တရား အားထုတ်ပါမှ ဖြစ်တော့မှာပါ။ ဒါပေမဲ့ အဲဒီအချိန်မှာ ကုန်သည်ကြီးက ဘာစဉ်းစားနေတာလဲဆိုတော့ အရောင်းအဝယ်ကိစ္စကို စဉ်းစားနေပါတယ်။ ဘုရားတရား ဘာမျှ

www.dhammadownload.com

သတိမရပါဘူး။ ကုသိုလ်ကောင်းမှုအရေး မတွေးနိုင်ရှာပါဘူး။

"ဟိုဘက်ကမ်းကို ချောချောမောမော ရောက်အောင် ဘယ်လိုကူးရမယ်။ ဟိုဘက်ကမ်း သာဝတ္ထိရောက်ရင် ပွဲတော်ကြီးတော့ မမီတော့ဘူး။ ဒါပေမဲ့လို့ ဒီကုန်ပစ္စည်းတွေ ဒီအတိုင်း ပြန်သယ်ပြီးတော့ နောက်ကြောင်းပြန်ရင်လည်း ခရီးစရိတ်က တက်ဦးမယ်။ လူကလည်း ပင်ပန်းသေးတယ်။

ဘာဖြစ်ဖြစ် သာဝတ္ထိမှာပဲ ကုန်ပစ္စည်းတွေ မကုန်မချင်း ရောင်းချရမယ်။ အလွန်ဆုံးနေရလှ နောင်နှစ်ခါ ပွဲတော်ကြီး ရောက်တဲ့ထိပေါ့။ ဘယ်နည်းနဲ့မဆို နောင်နှစ်ခါ ပွဲတော်ကျရင်တော့ ဒီကုန်ပစ္စည်းတွေ ကုန်မှာပဲ။ ကုန်ပစ္စည်းတွေကုန်တဲ့ထိကို ရောင်းမယ်"လို့ သူက စဉ်းစားတွေးတောနေပါတယ်။

www.dhammadownload.com

အရှင်အာနန္ဒာ မေးမြန်းသိရှိ

မြတ်စွာဘုရားက ကုန်သည်ကြီးရဲ့ အတွေးအကြံကို သိတဲ့အခါကျတော့ ကရုဏာကြီးမားစွာနဲ့ ပြုံးတော်မူပါတယ်။

မြတ်စွာဘုရား ပြုံးတော်မူတာကို အနားမှာရှိတဲ့ အရှင်အာနန္ဒာက အကြောင်းထူးရှိမှန်း ရိပ်မိပါတယ်။ "မြတ်စွာဘုရား ဘာအတွက်ကြောင့် ဘုရားရှင် ပြုံးတော်မူပါသလဲဘုရား" လို့ အရှင်အာနန္ဒာက ပါးပါးနပ်နပ်နဲ့ မေးမြန်းတော့ "ချစ်သား အာနန္ဒာ၊ မြစ်ကမ်းနံဘေးမှာ စခန်းချနေတဲ့ ကုန်သည်ကြီးကို သင် မြင်တယ်မဟုတ်လား၊ တွေ့တယ် မဟုတ်လား" ဆိုတော့ "မြတ်စွာဘုရား မြင်ပါတယ်၊ တွေ့ပါတယ်ဘုရား" "ဒီကုန်သည်ကြီး ဒုက္ခရောက်နေတာပါဘုရား၊ မြစ်ရေတွေကြီးလို့ ဒီဘက်ကမ်း မကူးနိုင်လို့ ကုန်ပစ္စည်းတွေ မရောင်းနိုင်လို့

www.dhammadownload.com

သောင်တင်နေတဲ့ ဒုက္ခသည်ပါ မြတ်စွာဘုရား” ဆိုတော့ “အာနန္ဒာ၊ အဲဒီ ကုန်သည်ကြီးရဲ့အသက်သည် တစ်ရက်သာ ကျန်တော့တယ်” လို့ မိန့်ပါတယ်။

ကုန်သည်ကြီးရဲ့ အသက်တစ်ရက်သာ ကျန်တော့တာကို မြတ်စွာဘုရားသာ သိပါတယ်။ ကုန်သည်ကြီး မသိရှာပါဘူး။

ကာယကံရှင်က ဘာမှ မသိရှာဘူး။ သူ့သက်တမ်း တစ်ရက်ပဲ ကျန်တော့တယ်။ တိုတောင်းတဲ့ အချိန်ကာလ တစ်ရက်သာ ကျန်တော့တဲ့ အချိန်ကာလကို ဘယ်လို အသုံးချရမယ်ဆိုတာ ကုန်သည်ကြီး မသိပါဘူး။

“အာနန္ဒာ ကုန်သည်ကြီးသည် ကုသိုလ်ကောင်းမှုကို မေ့နေတယ်။ ကုသိုလ်ကောင်းမှုကိုပြုဖို့ သတိမရနိုင်ဖြစ်နေတယ်” လို့ ဘုရားရှင် မိန့်တော်မူပါတယ်။

တစ်ခါတလေကျရင် လူတွေကို ကြည့်ရမြင်ရတာ သိပ်ကိုသနားစရာကောင်းပါတယ်။ ကုသိုလ်ကောင်းမှုတွေ မပြုနိုင်ကြဘူး၊ မပြုမိကြဘူး။ ကုသိုလ်ကောင်းမှုတွေ ပြုရမယ့်အစား သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ စားဝတ်နေရေး လူမှုရေးတွေနဲ့ တစ်နေ့ တစ်နေ့ လုံးထွေးရစ်ပတ် ရှုပ်ယှက်ခတ်နေတော့ တစ်နေ့နေလို့မှ တစ်ခါ ဘုရား မရှိခိုးဖြစ်ပါဘူး။ တစ်နေ့လုံး နေလို့မှ တရားဓမ္မဘက်ကို နည်းနည်းလေးမှ သတိမရလိုက်တာတွေ များပါတယ်။

www.dhammadownload.com

အချိန်တွေကုန်သွားတယ်။ တစ်ရက်ကနေ တစ်လ၊ တစ်လကနေ တစ်နှစ်၊ သက်တမ်းတွေသာ ကုန်သွားပါတယ်။ ကုသိုလ်ကောင်းမှုကို သတိမရကြပါဘူး။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ နေကြပါတယ်။ တကယ့်အရေးကြီးတဲ့အချိန် သေဘေးနဲ့ကြုံလာချိန်မှာ ကိုယ့်မှာ ကုသိုလ်အားကိုးမဲ့နေရင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရပါတယ်။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်သူတွေကိုလည်း ကိုယ့်ပတ်ဝန်းကျင်မှာ မြင်နေတွေ့နေ ရပါတယ်။ အသက်ရှင်စဉ် ကျန်းမာစဉ် နေကောင်းစဉ်ကာလ ကုသိုလ်ကောင်းမှုတွေ ပြုနိုင်စဉ်ကာလမှာ ကုသိုလ်ကောင်းမှုတွေ ပြုဖို့ မေ့နေတယ်။ တကယ်အရေးမှာ ကိုယ့်မှာ အားကိုးစရာ ကုသိုလ်တွေမရှိရင် အားကိုးမဲ့ပါတယ်။ ဒုက္ခရောက်ပါတယ်။

ကုန်သည်ကြီးခမျာ မသိရှာသေးဘူး။ သူ့သက်တမ်းကတော့တစ်ရက်သာ ကျန်ပါတော့တယ်။

www.dhammadownload.com

သွားပြီး သတိပေးမယ်

သက်တမ်းတစ်ရက်ပဲ ကျန်တော့တာကို မသိဘဲ ရောင်းရေးဝယ်ရေးတွေးပြီး ကမောက်ကမဖြစ်နေတဲ့ ကုန်သည်ကြီးကိုသနားလို့ ဘုရားရှင် ပြုံးတော်မူတာ ဆိုတော့ အရှင်အာနန္ဒာက "မြတ်စွာဘုရား ကုန်သည်ကြီးကို ဘုရားတပည့်တော် သွားရောက်ကာ သတိပေးချင်ပါတယ် မြတ်စွာဘုရား။ သတိပေးလိုက်မယ်ဆိုရင် တစ်နေ့တာကာလတော့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်အားထုတ်ခွင့်၊ နလုံးသွင်းခွင့် ရပါလိမ့်မယ် မြတ်စွာဘုရား" လို့ လျှောက်ထားပါတယ်။

လူတိုင်းလူတိုင်း ဘယ်သူမဆို ကိုယ့်သက်တမ်း တစ်ရက်ပဲ ကျန်တော့တယ်။ တစ်လပဲ ကျန်တော့တယ် စသည်ဖြင့် ကြိုတင်သာသိမယ်ဆိုရင် ကုသိုလ်ရေးကို ဦးစားပေးကြမှာပါ။

www.dhammadownload.com

တခြားအရေးထက် ကုသိုလ်ရေး ဦးစားပေးကြပါလိမ့်မယ်။ ကုသိုလ်ရေးဦးစားမပေးဖြစ်တာက ကိုယ့်အသက် အများကြီးကျန်ဦးမယ် ထင်နေကြလို့ပါ။ "ငါ လောကမှာ နေရဦးမယ်။ ငါတော်ရုံနဲ့ မသေနိုင်သေးဘူး။ ငါ ကျန်းမာရေး ကောင်းနေသေးတယ်။ ကိုယ့်ခွန်အားဗလရှိတုန်း ငါ သားရေးသမီးရေး စီးပွားရေးတွေ လုပ်လိုက်ဦးမယ်။ နောင်အသက်ကြီးတဲ့ အခါကျတော့မှ ကုသိုလ်ကောင်းမှုတွေ လုပ်တာပေါ့" လို့တွေးပြီး ကုသိုလ်ကောင်းမှုကို "နက်ဖြန်ခါလုပ်မယ်၊ သန်ဘက်ခါလုပ်မယ်" ဆိုပြီးတော့ ရက်ရွှေ့တတ်ပါတယ်။

ရက်ရွှေ့နေကြတာဟာ ကိုယ်သေရမယ့် အချိန်အခါ သေရမယ့်အကြောင်းအရာကို မေ့ထားကြလို့ပါ။ အခု မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို မိန့်တယ်။ အာနန္ဒာတဲ့ ဒီကုန်သည်ကြီးရဲ့သက်တမ်းသည် တစ်နေ့သာ ကျန်တော့တယ်။ နက်ဖြန်ခါ ဒီအချိန်ရောက်ရင် သူ့အသက်ရှိတော့မှာ မဟုတ်ဘူး။ အသက်ရှင်တော့မှာ မဟုတ်ဘူး" တဲ့။ သူ့အတွက် ဒီဘဝ နိဂုံးချုပ်ပြီ။

အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်တယ်။ "ကုန်သည်ကြီးကို ဘုရားတပည့်တော် သတိပေးချင်တယ်" တဲ့။

သတိပေးချင်တာ သူတော်ကောင်းတွေရဲ့ စိတ်ထားပါ။ သူတော်ကောင်းတွေရဲ့စိတ်ထားက ကုသိုလ်ကောင်းမှုတွေကို ပြုဖို့သတိပေးတယ်၊ တိုက်တွန်းတယ်၊

www.dhammadownload.com

အားပေးပါတယ်။ ကုသိုလ်ကောင်းမှုတွေကို မမေ့မလျော့နဲ့ ဆထက်ထမ်းပိုး ကြိုးစားဖို့၊ အားထုတ်ဖို့ကို အရေးတယူနဲ့သတိပေးတဲ့သူသည် သူတော်ကောင်းပါ။ ကိုယ့်အတွက် မိတ်ကောင်းဆွေကောင်းပါ။ ဒီလိုမှ မဟုတ်ဘဲနဲ့ အပျော်အပါးလုပ်ဖို့၊ မဟုတ်တဲ့အလုပ်တွေ လုပ်ဖို့တွေပဲ တိုက်တွန်းအားပေးမယ်ဆိုရင် မိတ်ဆွေကောင်း မဖြစ်နိုင်ပါဘူး။

အရှင်အာနန္ဒာက သူတော်ကောင်း စိတ်ထားရှိတဲ့သူဆိုတော့ သတိပေးချင်တယ်။ ဒါကြောင့် ဘုန်းကြီးကလည်း လေးလေးနက်နက် သတိပေး ချင်ပါတယ်။အခုပြောမယ့် အချက်ကလေး ငါးချက်ကို မမေ့မပျောက်အောင် မှတ်မိသွားအောင် မှတ်သားကြပါ။

www.dhammadownload.com

၁။ သေမည့်ရက် မသိနိုင်

ဘယ်နေ့ဘယ်ရက်မှာ ကိုယ်သေမယ်ဆိုတာကို ဘယ်သူမျှ မသိနိုင်ပါဘူး။

သာမန်လူတွေ ဘယ်လိုမှမသိနိုင်ပါဘူး။ မြတ်စွာဘုရားတော့ သိတယ်ပေါ့။ ရဟန္တာအရှင်မြတ်တွေ သိတယ်။ သူလိုကိုယ်လိုပုဂ္ဂိုလ်တွေ ဘယ်နေ့ဘယ်ရက်မှာ သေမယ်ဆိုတာ မသိနိုင်ပါဘူး။ ဆိုလိုတာက ကိုယ့်သက်တမ်းဘယ်လောက်ကျန်သေးတယ်။ဟောဒီ လူ့လောကမှာ ဘယ်နရက် နေရဦးမယ်။ ဘယ်နလ နေရဦးမယ်။ ဘယ်နနှစ် နေရဦးမယ်လို့ မသိနိုင်ပါဘူး။

သိတယ်ဆိုရင်တော့ အကောင်းသားပါ။ ငါ ဒီလူ့လောကမှာ ဘယ်နနှစ် နေရဦးမယ်။ ငါ့အသက် ဘယ်လောက်ကျန်သေးတယ်။ သေသေချာချာသိရင် အချိန်မီ ကုသိုလ်ကောင်းမှုကို ပြုခွင့်ရတယ်။ ပြုနိုင်ပါတယ်။ များသောအားဖြင့် မသိကြတဲ့အတွက်ကြောင့် မသေသေးဘူးလို့ ထင်ရင်းထင်ရင်းနဲ့ပဲ သေကြရတယ်။

www.dhammadownload.com

သေသွားတဲ့သူဖတွ သူ့ကိုယ်သူတော့ဖြင့် သေဦးမယ်လို့ မထင်သေးပါဘူး။ တချို့ဆေးရုံပေါ်မှာ သေကောင်ပေါင်းလဲ ဖြစ်နေတယ်။ ရောဂါဝေဒနာတွေ အကြီးအကျယ် ခံစားနေကြရတယ်။ ဘေးကသူတွေက အကုန်သိတယ်၊ သူမကြာတော့ဘူး။ အလွန်ဆုံးခံရလှ ရက်ပိုင်း၊ လပိုင်းဆိုတာဘေးက သိတယ်။ ကာယကံရှင်က မသိပါဘူး။ သူ့ကိုယ်သူလည်း သေမယ်မထင်သေးဘူး။

တစ်ခါတလေကျရင် သနားစရာကောင်းတဲ့ လူနာတွေ တွေ့ရပါတယ်။ ကိုယ့်သက်တမ်း ဘာမျှမကျန်တော့ဘူး။ ကျွမ်းကျင်တဲ့ ဆရာဝန်တွေ၊ သမားတော်တွေက သိနေတယ်။ လူနာစောင့်တဲ့သူတွေက သိနေပြီ။ ကာယကံရှင်က မသိရှာတဲ့အတွက်ကြောင့်မို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပါ။ ဘာကုသိုလ်မျှလည်း သတိမရ၊ ဘာကုသိုလ်မျှလည်း မပြု၊ ဘေးကလည်း သူ့ကို သတိမပေးရဲဘူး။ တကယ်လို့သာ သတိပေးလိုက်ရင် ကြောက်လန့်ပြီးတော့ ပိုဆိုးသွားမှာစိုးလို့ အသိမပေးရဲကြဘူး။

အဲဒီလိုဆိုရင် ကုသိုလ်ကောင်းမှုကိုပြုဖို့ အချိန်မရတော့ပါဘူး။ နေကောင်းစဉ်ကာလတုန်းကလည်း ကုသိုလ်ကောင်းမှု မပြုနိုင်ဘူး။ နေထိုင်မကောင်းဖြစ်တဲ့အချိန်ကာလမှာလည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ နေမယ်။ "ငါ မသေသေးဘူး။ ငါ မသေသေးဘူး" လို့ တွေးကာတွေးကာနဲ့ သေသွားကြတယ်။ ဒါကြောင့် ခေါင်းထဲ အမြဲထည့်ထားပါ။ ကိုယ်သေမယ့်ရက်ကို ကိုယ်မသိနိုင်ပါဘူး။

www.dhammadownload.com

၂။ သေမည့်ရောဂါ မသိနိုင်

ကိုယ်ကိုယ်တိုင် ဘာရောဂါနဲ့ သေမယ်ဆိုတာကို မသိပါဘူး။ လူတစ်ယောက်မှာ ဖြစ်နိုင်တဲ့ရောဂါ ပြောကြပါတယ်။ ၉၆ ပါးသော ရောဂါဝေဒနာတဲ့။ လူ့အသက်က ၉၆ နှစ် နေရချင်မှ နေရမယ်။ ဖြစ်နိုင်တဲ့ရောဂါက ၉၆ မျိုးပါ။ အခုခေတ်ပေါ်ရောဂါတွေပါ ထပ်ပေါင်းရင် ၁၀၀ တောင် ကျော်ဦးမလားမသိပါဘူး။ အသက်တစ်ရာကျော် နေရဖို့ မလွယ်ပါဘူး။

ကြုံနိုင်တဲ့ ရောဂါဝေဒနာ မြောက်မြားစွာ ရှိနေပါတယ်။ ဘယ်ရောဂါနဲ့ သေရမယ်လို့ ဘယ်သူမျှ မှန်းလို့မရပါဘူး။ တချို့က "ဒါအသေးအဖွဲ ရောဂါပဲ။ ဘာမျှအရေးမကြီးတဲ့ ရောဂါပဲ"လို့ ထင်ထားတဲ့ ရောဂါနဲ့ပဲ သေသွားကြတယ်။ တချို့ကျတော့လည်း အခုခံစားတဲ့ ရောဂါဝေဒနာက အင်မတန်မှ ကြီးကျယ်တယ်။

www.dhammadownload.com

တကယ့်ရောဂါကြီး။ ရောဂါဆိုးကြီး ခံနေရတာပဲ။ သူ မကြာလောက်တော့ဘူး။ မကြာခင်သေမှာပါလို့ တွက်ထားပေမဲ့ မှန်းထားပေမဲ့ တချို့သေရာကပြန်လာသလိုပဲ နေကောင်းထိုင်ကောင်း ပြန်ဖြစ်သွားပါတယ်။ ကျန်းမာသွားတာ ရှိသေးပါတယ်။ ဘယ်ရောဂါနဲ့ သေမယ်ဆိုတာကို အားလုံး ဘယ်သူမှ မသိနိုင်ပါဘူး။

www.dhammadownload.com

၃။ သေမည့်အချိန် မသိနိုင်

ဘယ်အချိန် ဘယ်ကာလ သေရမယ်လို့ မသိနိုင်ကြပါဘူး။ နံနက်သေမှာလား။ နေ့သေမှာလား။ ညသေမှာလားလို့ မသိနိုင်ပါဘူး။ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ၊ ဥတုရာသီသုံးမျိုးမှာ နွေရာသီမှာ သေမယ်။ မိုးရာသီမှာ သေမယ်။ ဆောင်းရာသီမှာ သေမယ်ဆိုတာကို မမှန်းနိုင်၊ မဆနိုင်၊ မသိနိုင်ပါဘူး။ သေချာတာတစ်ခုက အချိန်မရွေး သေနိုင်ပါတယ်။ အချိန်မရွေးပါဘူး။ မနက်အစောကြီးလည်း သေတဲ့သူတွေ ရှိပါတယ်။ နေ့လယ်လည်း ရှိပါတယ်။ ညလည်း ရှိပါတယ်။ ညသန်းခေါင်လောက်လည်း ရှိတာပါပဲ။

တစ်ကမ္ဘာလုံးမှာရှိနေတဲ့ လူဦးရေရော သန်း ၆၀၀၀ - ၇၀၀၀ ဆိုတဲ့ လူဦးရေနဲ့ မှန်းကြည့်လိုက်ရင် မိနစ်တိုင်း မိနစ်တိုင်းမှာ သေနေတဲ့သူတွေ ရှိနေပါမယ်။

www.dhammadownload.com

ဒီအချိန်မှာလည်း သေတဲ့သူရှိတာပဲ။ နောက်မိနစ်မှာလည်း သေတဲ့သူ ရှိတာပဲ။ ပြီးခဲ့တဲ့ မိနစ်ပိုင်းကလည်း သေတဲ့သူဦးရေ ရှိမှာပါပဲ။ ဒါပေမဲ့ ဘယ်အချိန် ဘယ်ကာလမှာ ကိုယ်သေမယ်ဆိုတာကို မသိနိုင်ပါဘူး။

ဒါကြောင့် မနက်ဖြန်ဆိုတာ သေချာပေါက်ရှိပေမဲ့ ကိုယ့်အတွက်ကတော့ မသေချာပါဘူး။

နောက်မှလုပ်မယ်၊ နောက်မှလုပ်မယ်၊ နက်ဖြန်ခါလုပ်မယ်၊ သန်ဘက်ခါလုပ်မယ်လို့ ကုသိုလ်ကောင်းမှုကို အချိန်မဆိုင်းပါနဲ့။ အချိန်မရွှေ့ပါနဲ့။ နက်ဖြန်ဆိုတာ မသေချာပါဘူး။

ဘယ်အချိန်ဘယ်ကာလ သေရမယ်ဆိုတာကို မသိနိုင်တော့ ဒီညမှာလည်း သေနိုင်တယ်။ မနက်အစောကြီးလည်း သေနိုင်ပါတယ်။ သေကြတာလည်း ရှိပါတယ်။

တစ်ခါတုန်းက တရားနာပရိသတ်များတဲ့ တရားပွဲတစ်ခုမှာ တွေ့လိုက်ရပါတယ်။ ပရိသတ်အလယ်မှာ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်သွားတော့ ဘုန်းကြီးက တရားဆက်ဟောနေပါတယ်။ အဲဒီမှာ လူတစ်ယောက်ကို ဝိုင်းမသွားတာ တွေ့လိုက်တယ်။ တရားပွဲပြီးသွားတော့ တရားပွဲကျင်းပရေး အကျိုးဆောင်တွေက လျှောက်တယ်။ "အရှင်ဘုရားတဲ့ တရားနာရင်းနဲ့ တရားနာပရိသတ်တစ်ယောက် ဆုံးသွားလို့"တဲ့။ တရားနာနေရင်းနဲ့ပဲ သေသွားတယ်။ သူ့ကိုယ်သူလည်း သေမယ်သိမှာမဟုတ်ဘူး။သေမယ်လို့ထင်မှာမဟုတ်ပါဘူး။

www.dhammadownload.com

ဘေးလူတွေကလည်း မထင်ဘူး။ လာတုန်းက အကောင်းကြီးပါ။ သူကိုယ်တိုင် သူ့ဟာသူလာတယ်။ တရားနာနေတယ်။ ဒီအတိုင်း ပရိသတ်ကြားထဲနေရင်း ဖျတ်ခနဲလဲရင်းနဲ့ အသက်မရှိတော့ဘူး။ ဘယ်အချိန် ဘယ်ကာလ သေရမယ်ဆိုတာကို မသိနိုင်ကြပါဘူး။

www.dhammadownload.com

၄။ သေမည့်နေရာ မသိနိုင်

ဘယ်နေရာ ဘယ်ဒေသ ဘယ်အရပ်မှာ သေရမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။

တချို့ တောမှာနေတယ်။ တစ်သက်လုံး တောမှာမွေး၊ တောမှာကြီး၊ ရောဂါတွေ အကြီးအကျယ်ဖြစ်တော့ မြို့လာဆေးကုတယ်။ မြို့ကို တစ်ခေါက်မျှလည်း မရောက်ဖူးဘူး။ အင်မတန်မှ ဝေးလံသီခေါင်တဲ့ တောရွာဇနပုဒ်လေးမှာနေတဲ့သူ သေတော့မြို့မှာပါ။ ဆေးကုရင်းနဲ့ မြို့မှာသေသွားပါတယ်။ တချို့ မြို့မှာနေရင်းနဲ့ တောအလည်သွားပြီး တောမှာ သေပါတယ်။

မြို့မှာလည်း သေနိုင်တယ်။ တောမှာလည်း သေနိုင်ပါတယ်။ တချို့ရေနစ်ပြီးတော့ သေတယ်။ ရေထဲမှာ သေပါတယ်။ တချို့က လေယာဉ်တွေဘာတွေ ပျက်ကျပြီး သေတဲ့သူတွေ ကုန်းပေါ်လည်းမဟုတ်၊ ရေထဲလည်း မဟုတ်။ လေထဲမှာလည်း သေပါတယ်။ နေရာလွတ် မရှိပါဘူး။

www.dhammadownload.com

သေတဲ့နေရာက လွတ်ရာနေရာ မရှိဘူး။ ဘုရားလက်ထက်တုန်းက သုသာန်ရွေးတဲ့ ဗြဟ္မဏပုဏ္ဏား တစ်ယောက်ရှိပါတယ်။ သူက သိပ်ကို ဇီဇာကြောင်တယ်။ သူများတကာတွေ မြှုပ်နှံတဲ့ သင်္ချိုင်းမှာ သူ့အလောင်းကို မမြှုပ်ချင်ဘူး။ ဘယ်သူ့အလောင်းမှ မမြှုပ်ဖူးတဲ့နေရာကို ရှာလိုက်တာ၊ ရွေးလိုက်တာ တောအထပ်ထပ် တောင်အထပ်ထပ်ပါ။ လူသူမရောက်နိုင်တဲ့ ဟိမဝန္တာတောင်တန်းကြီးရဲ့ တစ်နေရာမှာ စိတ်ကြိုက်နေရာတစ်ခု တွေ့တဲ့အခါ သူ့သားကို ခေါ်သွားတယ်။ "ငါ့သား မြို့ထဲရွာထဲက လူတွေမြှုပ်တဲ့နေရာ ငါ့မမြှုပ်နဲ့၊ ငါသေရင် ဟောဒီနေရာ မှတ်ထား၊ ဒီမှာ မြှုပ် "လို့ ပြောပါတယ်။

"ဒီလောက် အရောက်အပေါက်ခဲယဉ်းတဲ့ နေရာ၊ လူသူမရောက်နိုင်တဲ့ နေရာဆိုတော့ ဒီနေရာမှာ ဘယ်သူ့အလောင်းမှ မြှုပ်ဖူးမှာ မဟုတ်ဘူး။ ငါသေသွားရင် ငါ့အလောင်းကို ဒီမှာမြှုပ်။ ဒီမှာပဲ ခေါင်းချချင်တယ်" လို့ ပုဏ္ဏားကြီးက သူ့သားကို မှာတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားရှင်က သိတော့ ကြွသွားတယ်။ "ပုဏ္ဏားကြီး သင်က ဒီနေရာမှာ အလောင်းမြှုပ်ဖို့ ရွေးချယ်တယ်။ ဒီနေရာမှာ ဘယ်သူမှ မရောက်နိုင်ဘူး။ ဘယ်သူ့အလောင်းမှ မြှုပ်ထားတာ မရှိနိုင်ဘူး" လို့ သင် ထင်တယ်။ "ပုဏ္ဏားကြီး တခြားတခြားသောသူတွေရဲ့ ရုပ်အလောင်းကို မပြောနဲ့၊ သင်ကိုယ်တိုင်ရဲ့ ရုပ်အလောင်းကို ဒီနေရာမှာ မြှုပ်နှံခဲ့တာ အကြိမ်ပေါင်း ၅၀၀ မကပါဘူး"တဲ့။

www.dhammadownload.com

သူ့တစ်ယောက်တည်းရဲ့ ကြွင်းကျန်တဲ့ ဥတုဇရုပ် အလောင်းကို မြှုပ်နှံခဲ့တာ အကြိမ် ၅၀၀ မကဘူး။ အဲဒီတော့ တခြားတခြားသော သူတွေလည်း ဒီနေရာမှာ မြှုပ်နှံဖူးမှာပါပဲ။ လူမသေဘူးတဲ့နေရာ မရှိပါဘူး။

သားသေလို့ သောကဖြစ်နေတဲ့ ကိသာဂေါတမီကို တစ်ဖက်လှည့်နဲ့ မုန်ညင်းစေ့ ရှာခိုင်းပါတယ်။ "လူ မသေဖူးတဲ့အိမ်က မုန်ညင်းစေ့ ယူလာခဲ့။ သင့်သားကို အသက်ရှင်အောင် ပြုပေးမယ်"လို့ မြတ်စွာဘုရားက ပရိယာယ်နဲ့ ခိုင်းလိုက်တယ်။ ကိသာဂေါတမီ လိုက်ရှာတယ်။ လူမသေဖူးတဲ့အိမ် မရှိပါဘူး။

လူမသေဖူးတဲ့နေရာ မရှိပါဘူး။ ဒါကြောင့် ဘယ်နေရာမဆို သေနိုင်တယ်။ ဘယ်နေရာမှာ သေရမယ် ဆိုတာကို မမှန်းနိုင်၊ မတွက်နိုင်ဘူး။ မသိနိုင်ပါဘူး။ ဘယ်နေရာမှာ သေမယ် မသိပါဘူး။

တချို့များ ဒီနိုင်ငံမှာ အပြင်းအထန် မကျန်းမမာ ဖြစ် ဒီနိုင်ငံကုမရရင် ပြည်ပသွားကုမယ်။ သွားလိုက်ကြ တယ်။ ပြန်ပါမလာတော့ဘူး။ မွေးတာက မြန်မာပြည်။ နေတာက မြန်မာပြည်။ သေတော့ ပြည်ပနိုင်ငံတစ်ခုခု မှာလည်း ဖြစ်တတ်ပါတယ်။

ကိုယ့်သင်္ချိုင်းကိုယ် ဘယ်မှာရှိတယ်ဆိုတာ မသိ ဘူး။ နောက်ဆုံး ကိုယ့်ခန္ဓာ ရောက်နိုင်တဲ့ နေရာမှန်သမျှ ကိုယ့်ခန္ဓာကြီး သွားနိုင်တဲ့ နေရာမှန်သမျှသည် ကိုယ့် သင်္ချိုင်း ဖြစ်နိုင်ပါတယ်။

www.dhammadownload.com

၅။ သေပြီးဘယ်ရောက်မှာ မသိနိုင်

ဒီဘဝကနေသေဆုံးကွယ်လွန်ပြီးရင်ဘယ်ဘုံဘဝကို ရောက်မယ်။ ဘယ်ဘဝကို ရောက်မယ်ဆိုတာကိုလည်း သိဖို့မလွယ်ပါဘူး။

လူတစ်ယောက် သေပြီးရင် တွက်ကြည့်ပါ။ လူလည်း ပြန်ဖြစ်နိုင်တယ်။ တချို့ လူဝင်စားတွေ ဘဝဟောင်း မှတ်မိတယ်။ ဘယ်မှာနေခဲ့တယ်။ မိဘကဘယ်သူ။ နာမည်က ဘယ်လိုခေါ်တယ်။ အသက်အရွယ်ဘယ်လောက်မှာ သေတယ်။ အကုန်လုံး တိတိကျကျပြန်မှတ်မိတဲ့ လူဝင်စားများ ရှိတာကို ထောက်သောအားဖြင့် လူသေပြီးရင် လူလည်း ဖြစ်နိုင်ပါတယ်။

နောက်တစ်မျိုးက လူတစ်ယောက် သေဆုံး ကွယ်လွန်ပြီးချိန်မှာ တိရစ္ဆာန်လည်း ဖြစ်နိုင်ပါတယ်။ တချို့ ကျွဲတွေ၊ နွားတွေ သွားဖြစ်ကြတယ်။ သူ့နာမည်ဟောင်း၊

www.dhammadownload.com

လူ့ဘဝက သုံးနှုန်းခဲ့တဲ့ နာမည်ဟောင်းခေါ်ရင် အဲဒီ ကျွဲတွေ၊ နွားတွေက သိတယ်။ တချို့များ အဲဒီဘဝ ဟောင်းက ဆွေမျိုးတော်တဲ့သူ၊ ညီအစ်ကိုမောင်နှမ တော်တဲ့သူ၊ မိဘတော်တဲ့သူတွေကို သိပ်ခင်တွယ်တဲ့ တိရစ္ဆာန်တွေရှိတယ်။ ဒါတွေ ကြည့်သောအားဖြင့် လူတစ်ယောက် သေဆုံးကွယ်လွန်ပြီးရင် တိရစ္ဆာန် လည်းဖြစ်နိုင်ပါတယ်။

နောက်တစ်ခုက မကျွတ်မလွတ်တဲ့ ပြိတ္တာလည်း ဖြစ်သွားနိုင်ပါတယ်။ တချို့ သားစွဲ သမီးစွဲတယ်။ အဲဒီ အစွဲအလမ်းကြောင့် ပြိတ္တာဖြစ်ပါတယ်။ တချို့ ပစ္စည်း စွဲကြောင့် ပြိတ္တာဖြစ်တယ်။ တချို့က လုပ်ငန်းတာဝန် တွေကို စွဲလမ်းပြီးတော့ လုပ်ငန်းတာဝန် ထမ်းဆောင်တဲ့ နေရာမှာပဲ ပြိတ္တာပြန်ဖြစ်တယ်။ အရိပ်အယောင်ပြတာ မျိုး၊ အသံတွေ ပေးတာမျိုး ရှိပါတယ်။

သူပါလို့သိစေလောက်တဲ့ အပြုအမူတွေ ဖော်ပြ နေတာမျိုးကို ကြည့်သောအားဖြင့် လူတစ်ယောက် သေဆုံးကွယ်လွန်ရင် ပြိတ္တာလည်း ဖြစ်နိုင်ပါတယ်။

နောက်တစ်ခါ လူသေပြီးရင် ငရဲလည်း ကျနိုင်ပါ တယ်။ ဗုဒ္ဓရဲ့ ဒေသနာ၊ ဗုဒ္ဓရဲ့ အဆုံးအမ၊ မကောင်းမှု အကုသိုလ် ဒုစရိုက်မှုပြုတဲ့သူတွေ ငရဲကျတယ်။ ဆင်းရဲ ဒုက္ခမျိုးစုံ ခံရတတ်ပါတယ်။

နောက်တစ်ခါ လူတစ်ယောက် သေဆုံးကွယ်လွန် ပြီးရင် နတ်ပြည်ဌာန နတ်လောက ရောက်နိုင်တယ်။

www.dhammadownload.com

ဖြစ်ပဲ့ာလည်း ဖြစ်နိုင်ပါတယ်။ နတ်ပြည်ဘဝ ရောက်နိုင်ပါတယ်။

သေပြီးရင် ဘယ်သွားမယ် ဘယ်ရောက်မယ် ဆိုတာ မသိနိုင်ပါဘူး။ အဲဒီ မသိနိုင်တဲ့ သဘောတရား (၅) ချက်ကို အမြဲတမ်း နှလုံးသွင်း ဆင်ခြင်ရပါမယ်။ "ငါ ဘယ်ရက် သေမယ်။ ဘယ်အချိန် သေမယ်။ ဘယ်နေရာ သေမယ်။ ဘယ်ရောဂါနဲ့ သေမယ်။ ငါသေပြီးရင် ဘယ်ရောက်မယ်ဆိုတာကို ငါ ဘာမှုမသိပါလား" လို့ အမြဲတမ်း နှလုံးသွင်း ဆင်ခြင်ရပါမယ်။

www.dhammadownload.com

ကြိုတင်မပြုထားရင်

တခြားတခြား အကြောင်းအရာတွေကို တခြားတခြား ကိစ္စတွေကို မသိတာ အရေးမကြီးပါဘူး။ ကိုယ် ဘယ်အချိန် ဘယ်ကာလသေမယ်၊ ဘယ်နေရာမှာ သေမယ်၊ ဘာရောဂါနဲ့သေမယ်၊ ဘယ်နေ့ဘယ်ရက်မှာ ကို သေမယ်၊ အဲဒါ မသိတာက အရေးကြီးပါတယ်။ မသိတဲ့အတွက်ကြောင့် ကုသိုလ်ကောင်းမှုတွေကို ကြိုတင်ပြုရပါမယ်။ ကြိုတင်ပြုထားရင် သေမင်းအချိန် မရွေးခေါ်၊ ကြိုက်တဲ့အချိန် လာပြီးတော့ခေါ်၊ အဆင်သင့် ထလိုက်သွားရုံပါပဲ။ တချို့သေမှာကြောက်နေတဲ့ သူတွေ၊ အော်ဟစ်ညည်းညူနေကြ၊ ကြောက်လန့်တကြားနဲ့ အော်မြည်တမ်းနေကြတယ်။

ဘာလို့ သေမှာကြောက်တာလဲလို့ ရှင်းရှင်းလင်းလင်း စစ်တမ်းထုတ်ကြည့်လိုက်ရင် ကုသိုလ်နည်းလို့ပါ။

www.dhammadownload.com

ကုသိုလ်နည်းရင် သေမှာကြောက်ပါတယ်။ ကုသိုလ်များတဲ့သူသည် သေမှာကို မကြောက်ပါဘူး။ ဘုရား၊ ရဟန္တာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ သေမှာ မကြောက်ပါဘူး။

တချို့ ကုသိုလ်ရှင် ကောင်းမှုရှင်တွေ ဒါနရှင်တွေ၊ ဒါနကောင်းမှုတွေ အားကောင်းတယ်။ အမြဲမပြတ် ပေးကမ်းနေတဲ့ ဒါနကောင်းမှုရှင်တွေ၊ ဒါနကုသိုလ်ကို အာရုံပြုနေတော့ သေမှာမကြောက်ဘူး။

တချို့က သီလကောင်းမှုကို အားကောင်းတယ်။ သီလကိုယ်ကျင့် တရားကို လေးစားတယ်။ ထိန်းသိမ်းတယ်။ သီလရှိတဲ့သူလည်း သေမှာမကြောက်ပါဘူး။

တရားဘာဝနာတွေ ပွားများနေတဲ့သူ၊ ကျင့်ကြံအားထုတ်နေတဲ့သူတွေ၊ အမြဲတမ်း တရားကျင့်၊ တရားအားထုတ်၊ တရားနလုံးသွင်းနေတဲ့သူတွေလည်း သေရမှာကို မကြောက်ပါဘူး။

ကုသိုလ်တွေ ဘာမှမရှိတဲ့သူ တကယ်အရေးကြီးလာပါပြီ။ သေမင်းက တံခါးလာခေါက်ပြီ။ ခေါ်ပြီ။ ငါ သေရတော့မယ်လို့ သေသေချာချာ သိတဲ့အချိန်မှာ ကြောက်လန့်ပါတယ်။တုန်လှုပ်ပါတယ်။သိနေပြီ။နောင်ဘဝသွားရတော့မယ်။ နောင်တစ်ဘဝသွားတဲ့အချိန် ကုသိုလ်တွေ အကုသိုလ်ကံတွေက စီမံဖန်တီးတော့မယ်။ ကုသိုလ်ကံကောင်းမှုတွေ များများပြုတဲ့သူက ကောင်းရာသုဂတိကို ရောက်လိမ့်မယ်။ မကောင်းမှု

www.dhammadownload.com

အကုသိုလ်တွေ များနေမယ်ဆိုရင်လည်း မကောင်းတဲ့ ဒုဂ္ဂတိကို ရောက်လိမ့်မယ်ဆိုတာကို သိနားလည်တဲ့ အချိန်၊ နောက်ဆုံးအချိန်လေး နောက်ဆုံး ထွက်သက်လေးကျမှ သွားသတိရတယ်။

"ငါ့မှာ ကုသိုလ်မရှိပါလား၊ အားကိုးအားထားပြုစရာ ကုသိုလ်ကောင်းမှုတွေ ငါ အများကြီး လိုနေသေးတယ်။ ဘာတစ်ခုမှလည်း အားကိုးစရာ မရသေးဘူး" လို့သိတဲ့သူဟာနောင်တရတယ်။ အဲဒီအချိန်ကျရင် အချိန်မမီတော့ပါဘူး။ နောက်ကျသွားပါပြီ။

www.dhammadownload.com

သေမှာကို သတိမရ

မြတ်စွာဘုရားရှင်က သိတယ်။ မဟာဓနဝါဏိဇ္ဇ ကုန်သည်ကြီးရဲ့ သက်တမ်းသည်တစ်ရက်သာ ကျန်တော့တယ်။ တစ်ရက်လေးပဲ ကျန်တော့တယ်။ ကုန်သည်ကြီးက မသိသေးဘူး။ သူ့အတွေးနဲ့သူ သူ့အလုပ်နဲ့ သူ ရှုပ်နေတယ်။ "လှည်းအစီး ၅၀၀ နဲ့ ဟိုဘက်ကမ်းကူးရဦးမယ်။ အကုန်လုံး ဘေးကင်း ရန်ကင်းနဲ့ ဟိုဘက်ကမ်းရောက်အောင် ကူးနိုင်ဖို့ စီစဉ်နေရတယ်။ ညွှန်ကြားနေရတယ်။ ဟိုဘက်ကမ်းရောက်တဲ့အချိန်မှာ ပွဲတော်ကြီးက ပြီးနေပြီဆိုတော့ ဒီကုန်ပစ္စည်းတွေကို ဘယ်လို ရောင်းချမလဲ။ အမြန်ဆုံး ကုန်သွားအောင် အမြန်ဆုံးထွက်သွားအောင် ဘယ်လိုလုပ်ရမလဲ" ဒါတွေ စဉ်းစားနေရတယ်။

"ဒီကုန်ပစ္စည်းတွေ ကုန်ပြီဆိုရင်လည်း ဘယ်ကုန်တွေ ပြန်ဝယ်ရမယ်။ ကိုယ့်တိုင်းပြည် ကိုယ်ပြန်တဲ့အခါ

www.dhammadownload.com

အမြတ်အစွန်းတွေ များများရအောင် ဘယ်လိုကုန်မျိုး ဝယ်သွားရမယ်။ ဘယ်လိုကုန်မျိုးရောင်းရမယ်။

မိသားစုအတွက်၊ ဇနီးမယားအတွက်၊ သားသမီး အတွက်၊ဆွေမျိုးသားချင်းမိတ်ဆွေသင်္ဂဟတွေအတွက် ဘယ်လိုလက်ဆောင်ပစ္စည်းတွေ ဝယ်သွားမယ်။ ဒါတွေပဲ သူ့ခေါင်းထဲမှာ ထည့်ထားတယ်။ သူ စဉ်းစားနေတယ်။ ကုသိုလ်ကောင်းမှု အကြောင်း မပါပါဘူး။

ကုသိုလ်ကောင်းမှုအကြောင်း နည်းနည်းမျှလည်း မစဉ်းစားဘူး။ ကုသိုလ်ကောင်းမှုလည်း ပြုမထားဘူး ဆိုရင် သူသေရင် ဒုက္ခတွေ့တော့မှာ သေချာပါတယ်။ သေရင်ဒုက္ခရောက်တော့မှာပါ။ မကောင်းမှုကြောင့် ဒုဂ္ဂတိရောက်တော့မယ်ဆိုတာကို သိတော့ မြတ်စွာဘုရားမိန့်ကြားတဲ့ စကားကို နားထောင်ရ သိရတဲ့ အရှင် အာနန္ဒာက ခွင့်တောင်းပါတယ်။

"မြတ်စွာဘုရား၊ ဘုရားတပည့်တော် ကုန်သည် ကြီးကို သွားပြီးတော့ သတိပေးချင်ပါတယ် မြတ်စွာ ဘုရား။ တစ်ရက်တာကာလ ကုသိုလ်ကောင်းမှုတွေကို သူပြုမယ်ဆိုရင် အချိန်မီပါသေးတယ် မြတ်စွာဘုရား။ ဘုရားတပည့်တော်ကို သတိပေးခွင့်ပြုပါ" ဆိုတော့ "အာနန္ဒာ သင်နဲ့ရင်းနှီးကျွမ်းဝင်ရင် သွားပေါ့" လို့ ခွင့်ပေး လိုက်ပါတယ်။

အရှင်အာနန္ဒာကိုယ်တော်မြတ် သပိတ်ပိုက်ပြီး ကုန်သည်ကြီးများ စခန်းချတဲ့နေရာကို သွားပါတယ်။

www.dhammadownload.com

သပိတ်ပိုက်ပြီးကြွလာတော့ ကုန်သည်ကြီးက အရှင်မြတ်ကို မြင်တဲ့အချိန်မှာ ကြည်ညိုတယ်၊ သဒ္ဓါတရားဖြစ်တယ်။ ဆွမ်းလောင်းတယ်။ ဆွမ်းလှူပါတယ်။ ဆွမ်းလောင်း၊ ဆွမ်းလှူလိုက်ရတော့ ဒါနကုသိုလ် ဖြစ်သွားပါတယ်။

လှူဒါန်းပြီးတော့ အရှင်မြတ်က သတိပေးတယ်။ "ကုန်သည်ကြီး လူ့အသက်ဆိုတာသည် အချိန်မရွေး သေကျေနိုင်တယ်။ လူ့အသက်သည် ပျက်စီးနိုင်တယ်၊ လူ့သက်တမ်းဆိုတာ မမြဲပါဘူး" လို့ သတိပေးပါတယ်။

www.dhammadownload.com

အသက်သည် မတည်မြဲ

သတိထားရင် သိသာပါတယ်။ အသက်ဆိုတာ ဘယ်သူ့အသက်မှ မမြဲပါဘူး။ ဘာမြဲလဲဆိုရင်တော့ သေခြင်းတရားက မြဲပါတယ်။ လူတိုင်းလူတိုင်း လူကြီးကိုပဲပြောပြော၊ လူငယ်ကိုပဲပြောပြော ဘယ်သူ့ကိုပြောပြော မင်းသေရမယ်။ သင်သေရမယ် ဆိုတဲ့စကားက မမှားပါဘူး။

သေခြင်းတရားက တည်မြဲပါတယ်။ ဒါပေမဲ့ ဘယ်အချိန် ဘယ်ကာလ သေမယ်။ ဘယ်အသက်အရွယ် သေမယ်ကိုသာ ပြောလို့မလွယ်တာပါ။

တချို့က အသက်သိပ်ရှည်တယ်။ အသက် ၈၀၊ ၉၀၊ ၁၀၀ ပေါ့။ ၁၀၀ ကျော်နေရတဲ့သူတွေလည်း ရှိတယ်။ တချို့ကျတော့လည်း အမိဝမ်းခေါင်းထဲကနေ ထွက်တောင်မလာဘူး၊ ပြင်ပလောကတောင် ရောက်မလာ

www.dhammadownload.com

ဘူး။ အမိဝမ်းခေါင်းမှာပဲ ဘဝပြောင်းသွားတယ်။ တချို့က လည်း မွေးကင်းစအချိန်မှာပဲ သေဆုံးကွယ်လွန်တယ်။

တစ်နှစ်၊ နှစ်နှစ်မှာလည်း သေနိုင်တယ်။ လေးငါး ဆယ်နှစ် ဆယ့်လေးငါးနှစ်မှာလည်း သေနိုင်တယ်။ အသက်လေးငါးဆယ်လည်း သေနိုင်ပါတယ်။

သတင်းစာတွေဘာတွေကြည့်ရင် နာရေးကြော်ငြာမှာ ကြည့်လိုက်ပါ။ အရွယ်မျိုးစုံ တွေ့ရပါလိမ့်မယ်။ တချို့ ၈၀၊ ၉၀ တွေလည်း ပါတယ်။ ၃၀၊ ၄၀ တွေ လည်းပါတယ်။ နှစ်ဆယ်၊ အစိတ်တွေလည်းပါတယ်။ လူတန်းစားပေါင်းစုံ၊ အရွယ်ပေါင်းစုံပါ။ ပညာတတ်သူ လည်း ပါတယ်။ ပညာမတတ်သူတွေလည်း ပါတယ်။ ဂုဏ်သရေရှိတဲ့သူတွေလည်း ပါတယ်။ ဂုဏ်သရေ နည်းပါးသူတွေလည်း ပါတယ်။ ချမ်းသာသူရော ဆင်းရဲ သူရော ဘယ်သူမှ မလွတ်နိုင်ဘူး။ ဘယ်သူမှ သေခြင်း ကို မရှောင်နိုင်ပါဘူး။

www.dhammadownload.com

အင်အား အကြီးဆုံးမင်း

နဟိ နော သင်္ကရုံ တေန၊ မဟာသေနေန မစ္စုနာ။

သေမင်းဟာ အင်မတန်မှ အင်အားကြီးပါတယ်။ လောကမှာ အင်အားအကြီးဆုံးမင်းသည် သေမင်းပါ။

အတိုင်းတိုင်းအပြည်ပြည်က မင်းတွေ ဘယ်လောက် လက်နက်ဆန်းတွေရှိတယ် ပြောပြော၊ ဘယ်လောက်ပဲ အစွမ်းထက်တယ်ပြောပြော၊ သေမင်းကိုတော့ ယှဉ်လို့မရပါဘူး။ သေမင်းကို အနိုင်မယူနိုင်ပါဘူး။ သိပ္ပံပညာအစွမ်းနဲ့ ဘယ်လိုပဲအစွမ်းထက်တယ် ပြောပြော၊ သေမင်းနဲ့ တွေ့တဲ့အချိန်မှာ အရှုံးပေးကြရပါတယ်။ အင်အားအကြီးဆုံးမင်းသည် သေမင်းပါ။

သေမင်းကို အနိုင်လည်းယူလို့ မရပါဘူး။ တံစိုးလက်ဆောင်ပေးပြီးတော့ ဒီနေ့ဒီရက် မခေါ်ပါနဲ့ဦး၊ နောက်မှခေါ်ပါ၊ မိနစ်ပိုင်းလောက် အချိန်ပေးပါ၊ ရက်

www.dhammadownload.com

ပိုင်းလောက် အချိန်ပေးပါဦး၊ ခဏတဖြုတ်လေး ကုသိုလ်ကောင်းမှုတွေ ပြုချင်ပါသေးတယ်လို့ တောင်းပန်တိုးလျှိုးလို့လည်း မရပါဘူး။

တချို့ သေကောင်ပေါင်းလဲ ဖြစ်နေတဲ့သူတွေကို ဘေးကမိသားစုတွေက မကြည့်ရက်ဘူး။ ဘယ်လောက်ကုန်ကုန် ဘယ်လောက်ကျကျ အသက်ပြန်ရှင်ရင် တော်ပါပြီ။ ရှိသမျှစည်းစိမ်တွေ ကုန်ချင်ကုန်သွားပါစေ ကုလိုက်မယ်လို့ ကြိမ်းဝါးကြပါတယ်။ ကုတိုင်းလည်း မရပါဘူး။

စည်းစိမ်ချမ်းသာတွေ ပုံပေးလည်း မရပါဘူး။ ပစ္စည်းဥစ္စာနဲ့လည်း အနိုင်ယူလို့ မရဘူး။ လက်နက်အင်အားနဲ့လည်း အနိုင်တိုက်လို့ မရဘူး။ ဒါကြောင့် သေမင်းကို ဘယ်သူမှ မတွန်းလှန်နိုင်တဲ့အတွက်ကြောင့် သေမင်းနောက်ကို ကောက်ကောက်ပါ လိုက်သွားရမှာ ဖြစ်လို့ မသေခင်မှာ ကြိုတင်ကာ ကုသိုလ်ကောင်းမှုကို ပြုရပါမယ်။

www.dhammadownload.com

ကုသိုလ်ကောင်းမှု ချက်ချင်းပြု

အဇ္ဇေဝ - အခါမရွေ့ ညှိယနေ့ကပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ အာတပ္ပံ - မှချပုံသေ ပြုအပ်ပါပေ၏။

ကုသိုလ်ကောင်းမှုကို မနက်ဖြန်ခါ ရွှေ့ရမှာလား၊ ဒီနေ့လုပ်ရမှာလားဆိုရင် ဒီနေ့လုပ်ရမှာပါ။

နောင်မှလုပ်မယ်ဆိုပြီးတော့ မနက်ဖြန် ရွှေ့လိုက်တော့ မသေချာပါဘူး။

အခု ကုန်သည်ကြီးဟာ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကို ဖူးမြင်ရတော့ ကြည်ညိုတယ်။ သဒ္ဓါတရားတွေ ဖြစ်တယ်။ ကုန်သည်ကြီးကို အရှင်မြတ်ကလည်း သတိပေးတယ်။ ကုန်သည်ကြီးတဲ့ လူ့အသက်သည် မမြဲဘူး။ ကုသိုလ်ကောင်းမှုကို ကြိုးစားပြီးတော့ ပြုပါ။ ကုသိုလ်

www.dhammadownload.com

ကောင်းမှုတွေ မမေ့မလျော့နဲ့လို့ သတိပေးတော့ ကုန်သည်ကြီးကလည်း ပါးနပ်သူဆိုတော့ ရိပ်မိတယ်။ “အရှင်ဘုရား တပည့်တော်မှာ အသက်အန္တရာယ် တစ်စုံတစ်ရာများ ရှိပါသလားဘုရား”တဲ့။ ဒီတော့ အရှင်မြတ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ အမိန့်ရှိတယ်။ “ဟုတ်တယ် ကုန်သည်ကြီး၊ သင့်သက်တမ်းသည် တစ်ရက်သာ ကျန်တော့တယ်”။

တစ်ရက်ပဲ ကျန်တဲ့အချိန်မှာ စဉ်းစားစရာပါ။ တကယ်လို့သာ ကိုယ့်သက်တမ်းသည် တစ်ရက်ပဲ ကျန်မယ်ဆိုရင် သားရေးသမီးရေးနဲ့ ကုသိုလ်ရေး ဘယ်အရေးကို ဦးစားပေးမလဲ။ ကုသိုလ်ရေးကို ဦးစားပေးမှာပါ။ ကုသိုလ်ရေးပဲ ဦးစားပေးရမှာပါ။ မနက်ဖြန် ကိုယ်သေတော့မယ်ဆိုရင် စီးပွားရေးနဲ့ ကုသိုလ်ရေး ဆိုရင် ကုသိုလ်ရေးဦးစားပေးပါမယ်။

တခြားတခြား အရေးတွေ ဘယ်လောက်ပဲ ကြီးတယ်ပြောပြော၊ ဘယ်လိုပင် အရေးကြီးတယ်လို့ ဆိုပေမဲ့လို့ တိုတောင်းတဲ့ကာလသာ ကိုယ့်သက်တမ်း ကျန်မယ်ဆိုရင် ကုသိုလ်ရေးကိုသာ အလေးထားပါ လိမ့်မယ်။ ဒါ လူ့သဘာဝပါပဲ။ ကုသိုလ်ရေးကို နောက် ထားနေကြတယ်ဆိုတာသည် မသေသေးဘူးလို့ ထင် နေလို့ပါ။

ငါ မသေနိုင်သေးပါဘူး၊ ငါ ကျန်းမာနေသားပဲ၊ ငါ ရောဂါကင်းနေသားပဲ။ ငါ့အသက်တွေ အများကြီး

www.dhammadownload.com

နေရဦးမယ်။ ငါ့အသက်တွေ ရှည်ဦးမယ်လို့ တွေးနေကြရင်ဖြင့် ကုသိုလ်ကောင်းမှုက ရှေ့တန်း မရောက်လာတော့ပါဘူး။ ဒါကြောင့် သေခြင်းတရားကို ပွားများခြင်းအားဖြင့် ကိုယ့်ရဲ့ သေခြင်းတရားကို မကြာခဏဆင်ခြင်နှလုံးသွင်းခြင်းအားဖြင့် ကုသိုလ်ကောင်းမှုကို ပြုဖို့ သတိရလာပါတယ်။

www.dhammadownload.com

ကုသိုလ်ပြုဖို့ သတိရ

အရှင်အာနန္ဒာက သတိပေးလိုက်တော့ ကုန်သည်ကြီးက သတိရတယ်။ "ဒီလိုဆိုရင်ဘုရား၊ ဘုရားတပည့်တော် ကုသိုလ်ကောင်းမှု ပြုချင်ပါတယ်။ မြတ်စွာဘုရားနဲ့ သံဃာတော် အရှင်မြတ်တို့ကို ဘုရားတပည့်တော်သည် ဆွမ်းလှူဒါန်းချင်ပါတယ်။ မြတ်စွာဘုရားရှင်ကိုလည်းကြည်ညိုချင်ပါတယ်။ တရားဓမ္မတွေလည်း နာကြားချင်ပါတယ်" ဘုရားရှင်နဲ့ သံဃာတွေကို ဆွမ်းလှူရအောင် ပင့်တယ်။ ဘုရားရှင်ကလည်း မဟာကရုဏာနဲ့ ကြွလာတော်မူပါတယ်။

သံဃာတော်အရှင်မြတ်တွေနဲ့ မြတ်စွာဘုရားကို ကိုယ်တိုင်ဆွမ်းလှူ၊ ကိုယ်တိုင်လုပ်ကျွေးပြီးတဲ့ အချိန်မှာ မြတ်စွာဘုရား ဟောကြားတဲ့ တရားဓမ္မကို အသေအချာ နာကြားပါတယ်။ ဘုရားနဲ့ သံဃာတွေ ပြန်ကြွ

www.dhammadownload.com

သွားလို့ ဘာမျှမကြာလိုက်ပါဘူး။ ကုန်သည်ကြီး "မူး တယ်။ နေလို့မကောင်းတော့ဘူး။ မူးလိုက်တာ၊ မူးလိုက် တာ" လို့ပြောပြီးတော့ အိပ်ရာထဲဝင်သွားလိုက်တာ မကြာခင်မှာတင် သေဆုံးပါတယ်။

ဒါပေမဲ့လို့ ကုန်သည်ကြီးဟာ ဘုရားရှင်ထံက တရားဓမ္မတွေကို နာကြားရလို့ တရားထူး၊ တရားမြတ် တွေ ထိုက်သလောက် ရခဲ့ပါတယ်။ ကုသိုလ်ကောင်းမှု တွေလည်း များများပါသွားပါတယ်။

အဲဒါကြောင့် သေသွားတဲ့အချိန်မှာ ဒုက္ခမရောက် ဘူး။ ကောင်းရာသုဂတိ ရောက်ပါတယ်။ ကောင်းရာ သုဂတိကိုရောက်ဖို့ အချိန်မီလေး၊ အချိန်ပိုင်းလေး တကယ့်တိုတောင်းတဲ့ ကာလလေးမှာ ကုသိုလ်ပြုခွင့် ရသွားတာပါ။

တကယ်လို့သာ အရှင်အာနန္ဒာကိုယ်တော်မြတ် လို သတိပေးတဲ့ပုဂ္ဂိုလ် မရှိရင် သူ့ဘဝ မစဉ်းစားရဲပါ ဘူး။ သတိသာ မပေးဘူးဆိုရင် သူ့လုပ်ငန်း သူ့ကိစ္စ၊ သူ့ရောင်းရေးဝယ်ရေးကိစ္စ၊ ကုန်ရောင်းကုန်ဝယ်ကိစ္စ၊ သူ့အလုပ်သမားတွေ ခိုင်းတာစေတာ၊ စီမံတာခန့်ခွဲတာ တွေကိုပဲ စဉ်းစားနေလုံးသွင်းနေမယ်ဆိုရင် သူ့ဘဝသည် နစ်မွန်းစရာပဲ ရှိပါတယ်။ အပါယ်ကျဖို့သာ ရှိပါတယ်။ မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တနဲ့ ပေါင်းသင်း မိတယ်။

www.dhammadownload.com

အရှင်အာနန္ဒာ ကိုယ်တော်မြတ်က သတိပေးတယ်။ သတိပေးချက်ကို ကုန်သည်ကြီးသည် အလေးထားတယ်။ လိုက်နာတယ်။ မမေ့နဲ့ကုသိုလ်ကောင်းမှုကို ကြိုတင်ပြုပါ။ ကုသိုလ်ကောင်းမှုတွေ မပြတ်ပြုပါ။ ဒီအချိန်ဒီအခါသည် အရေးကြီးတဲ့ အချိန်အခါ၊ ကုသိုလ်ကောင်းမှုတွေ ပြုရမယ့်အချိန်အခါ သတိပေးလိုက်တော့ သူက တကယ်လည်းပဲ လက်တွေ့လိုက်နာကျင့်သုံးတော့ ကုန်သည်ကြီးရဲ့ ဘဝကူးကောင်းသွားပါတယ်။

www.dhammadownload.com

အရေးကြီးဆုံးအချိန်

လူတစ်ယောက်အတွက် ဘယ်အချိန် အရေးကြီးသလဲဆိုရင် သေခါနီးအချိန်သည် အရေးကြီးဆုံးပါ။ စာလိုပြောရင် မရဏာသန္နဇောပါ။ နောက်ဆုံးထွက်သက် အချိန်လေးသည် အရေးကြီးဆုံးအချိန်ပါပဲ။ ဒီအချိန်မှာ ကုသိုလ်ကောင်းမှုကို နှလုံးသွင်းအာရုံပြုရင် ကောင်းရာသုဂတိ ရောက်ပါတယ်။ အဲဒီအချိန်မှာ ကောင်းမှုကုသိုလ်တွေသာ မေ့နေမယ်ဆိုရင် ကောင်းရာသုဂတိရောက်ဖို့ မလွယ်ပါဘူး။

လူတစ်ယောက်သေပြီးရင် ရောက်နိုင်တဲ့ ဘဝတွေထဲမှာ အပါယ်ကျတာတို့၊ ငရဲကျတာတို့၊ တိရစ္ဆာန်ဖြစ်တာတို့ ဆိုတဲ့ဘဝတွေသည် မကောင်းတဲ့ဘဝပါ။ လူတစ်ယောက်သေပြီးလို့ လူပြန်ဖြစ်တယ်ဆိုရင်တော့ တော်ပါသေးတယ်။

www.dhammadownload.com

အခုလက်ရှိရောက်နေတဲ့ လူ့ဘဝသည် သုဂတိဘဝလို့ ခေါ်ပါတယ်။ လူ့ဘဝ၊ နတ်ဘဝက သုဂတိဘဝ၊ ဘဝကောင်းပါ။ သုဂတိဘဝကနေ မကောင်းတဲ့ ဒုဂ္ဂတိဘဝကို ဆင်းသွားတယ်ဆိုရင် ရှုံးပါတယ်။

လူ့ဘဝက ကံကောင်းလို့ရလာကြတာပါ။ ကံကောင်းထောက်မစွာနဲ့ ရောက်လာကြတာပါ။ လူတစ်ယောက်ဘဝကို ရဖို့ဆိုတာသည် အင်မတန်မှ ခက်တယ်။ အင်မတန်မှပဲ ခဲယဉ်းပါတယ်။ တိရစ္ဆာန်နဲ့ လူနဲ့ အချိုးအစား ချကြည့်ပါ။ လူဦးရေနဲ့ တိရစ္ဆာန်ဦးရေ အဆပေါင်းများစွာ ကွာတယ်။ သက်ရှိလောကမှာ နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် လူတစ်ယောက်ဖြစ်ဖို့ မလွယ်ပါဘူး။

ကံကောင်းလို့၊ ကံကောင်းလွန်းလို့ လူလာဖြစ်တယ်။ ကံက ကောင်းစွာ ပို့လိုက်လို့ ဒီဘဝ ဒီဌာနကို ရောက်လာတယ်။ လူ့ဘဝ လူ့ခန္ဓာကို ရလာကြတယ်။ အဲဒီ ရလာတဲ့ ဘဝခန္ဓာကို အကျိုးရှိအောင် သုံးရပါမယ်။ စားရေးသောက်ရေး၊ စားဝတ်နေရေးတွေဆိုတာ ဘယ်ဘဝရောက်ရောက် ဒီအလုပ်တွေက လုပ်နေရတာပါပဲ။ ဒီကိစ္စတွေ မကင်းနိုင်ပါဘူး။

ကုသိုလ်ကောင်းမှုပြုဖို့ဆိုတာက ခဲခဲယဉ်းယဉ်းမှ ကြုံပါတယ်။ ကုသိုလ်ပြုနိုင်တဲ့ အခွင့်အရေး၊ ကုသိုလ်တရားတွေရအောင်လို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ဆိုတာ ရဖို့ မလွယ်ပါဘူး။

www.dhammadownload.com

လူ့ဘဝရတဲ့ အချိန်အခါမို့ ဒီလို ကုသိုလ်ကောင်းမှု ပြုနိုင်တာ၊ မတော်တဆ ငရဲကျတဲ့သူ ကုသိုလ်ကောင်းမှု ပြုဖို့ မလွယ်တော့ဘူး။ စားဝတ်နေရေး ကြပ်တည်းပြီးတော့ ပြိတ္တာဘဝ ရောက်နေတဲ့ သူတစ်ယောက် ကုသိုလ်ကောင်းမှုတွေ ပြုဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းပါတယ်။ အသိဉာဏ်နည်းတဲ့ တိရစ္ဆာန်ဘဝကို ရောက်နေကြရရင် ကုသိုလ်ဆိုတာတောင် ဘာမှန်းမသိ၊ လုပ်ချင်ရာလုပ် နေချင်သလိုနေ ဘဝဆိုးမျိုးသာ ရောက်သွားပြီဆိုရင် ဒီလိုအခွင့်အရေးမျိုး နောက်တစ်ကြိမ် ပြန်ရဖို့ဆိုတာ ခဲယဉ်းနေပါလိမ့်မယ်။

ကံကောင်းလို့ ရတဲ့ဘဝမှာ ပြုခွင့်ရတဲ့ ကုသိုလ်ကောင်းမှုတွေကို အားကြိုးမာန်တက်နဲ့ပြုဖို့၊ လုပ်ဖို့ လိုပါတယ်။

ဒါ အရေးကြီးဆုံးပါ။ ဘဝမှာ ဘာအရေးကြီးဆုံးလဲလို့ တချို့က မေးကြတယ်။ "တပည့်တော်တို့ ဒီဘဝရတဲ့အချိန်ခါမှာ ဘာအရေးကြီးဆုံးလဲဘုရား" ဆိုရင် ဘုန်းကြီးက ရှည်ရှည်ဝေးဝေး မပြောပါဘူး။ လူတစ်ယောက် ဖြစ်လာတဲ့အခါမှာ ဘာအရေးကြီးဆုံးလဲဆိုရင် ကုသိုလ်ပြုဖို့ အရေးကြီးဆုံးပါ။

ကျန်တဲ့ ကျန်တဲ့ ကိစ္စတွေသည် ဘယ်ချိန်လုပ်လုပ်ရတယ်။ ဘယ်ဘဝမှာဖြစ်ဖြစ် ရနိုင်တယ်။ ကုသိုလ်ပြုခွင့်က အချိန်မရွေး မရပါဘူး။

www.dhammadownload.com

အချိန်မီ ပြုကာမှ၊ အချိန်ရှိတုန်း ပြုကာမှ မသေခင်ကို ကြိုတင်ကာ ကုသိုလ်ကောင်းမှုတွေ ပြုပါမှ အကျိုးရပါမယ်။

အဇ္ဇေဝ - အခါမရွေ့ ယနေ့ကပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ ကုသိုလ်ကိစ္စမှန်သမျှကို၊ အာတပ္ပံ - ပြုသင့်ပြုထိုက်ပါ၏။

ပြုသင့်ပြုထိုက်တဲ့ကိစ္စ ပြုရလုပ်ရမယ့်ကိစ္စဆိုတာသည် တခြားမဟုတ်ပါဘူး။ ကုသိုလ်ကိစ္စပါ။ ကုန်သည်ကြီးဟာ အချိန်မီရုံလေး ကုသိုလ်ကောင်းမှု ပြုသွားတယ်။ သူ့အသက် ၅၀ ကျော် ၆၀ ပတ်ဝန်းကျင်တော့ရှိလောက်ပါပြီ။ အဲဒီအချိန်အတွင်းမှာ သူ တကယ်သူ့ဘဝ အကျိုးရှိအောင် သုံးသွားတာသည် သူ့ဘဝတိုးတက်ရာ တိုးတက်ကြောင်း ကောင်းကျိုးချမ်းသာဖြစ်အောင် သူ ဆောင်ရွက်သွားတာသည် ပြန်တွက်ကြည့်ရင် တစ်ရက်ပါပဲ။

အဲဒီ တစ်ရက်ကပဲ သူ့ကို ကောင်းကျိုးချမ်းသာတွေ ဖြစ်အောင် ကယ်တင်သွားပါတယ်။ နောက်ဆုံးတကယ် သူ့ကို ကယ်တာ ကုသိုလ်က ကယ်တာပါ။။

ကုသိုလ်က ကယ်လိုက်တော့ ဒီဘဝကသေ၊ တာဝတိံသာ နတ်ပြည်ကို ရောက်သွားတယ်။

www.dhammadownload.com

သေပြီးနောက် ဘယ်ကိုရောက်

ဒီအကြောင်းကို ရဟန်းတော်တွေ သိတဲ့အချိန်မှာ မြတ်စွာဘုရားရှင်ကို မေးလျှောက်ကြတယ်။ "မြတ်စွာဘုရား ကုန်သည်ကြီး မနက်ကတင် မြတ်စွာဘုရားရှင်နဲ့ သံဃာတွေကို ဆွမ်းကပ်ပါသေးတယ်။ မြတ်စွာဘုရားရှင် ပြန်ကြွလာတဲ့အချိန်မှာ သက်တမ်းကုန်ကာ သေရှာပါတယ် မြတ်စွာဘုရား။ အဲဒီ ကုန်သည်ကြီးသည် ဘယ်ဘုံဌာန ဘယ်လောကကို ရောက်ပါသလဲဘုရား" လို့ မေးတော့ မြတ်စွာဘုရားက "နတ်ပြည်ဌာန နတ်လောကကို ရောက်တယ်" လို့ ဖြေတော်မူပါတယ်။

ကောင်းကျိုးချမ်းသာတွေ ခံစားနေရပါပြီ။ အဲဒီတော့ လူ့ဘဝကနေပြီးတော့ နတ်ဘဝ၊ လူချမ်းသာထက်ကိုသာတဲ့ နတ်ချမ်းသာ နတ်စည်းစိမ်ကို ခံစား

www.dhammadownload.com

စံစားခွင့်ရတာ ဘယ်သူက ပေးတာလဲဆိုရင်ကုသိုလ်က ပေးတာပါ။

အဲဒီလောက်တောင်မှ ကောင်းကျိုးချမ်းသာတွေ ပေးတတ်တဲ့ ကုသိုလ်ကောင်းမှုတွေကို အချိန်မရွေ့ မဆိုင်းဘဲ ချက်ချင်းလုပ်ရမှာပါ။

စဉ်းစားကြည့်ပါ။ ကိုယ့် ဘယ်သူမျှလာပြီးတော့ သတိပေးနိုင်တာ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ပဲချစ်တယ် ခင်တယ်ပြောပြော၊ စေတနာမေတ္တာတွေ ရှိပါတယ်ပြောပြော၊ သူ ဘယ်ရက် သေမယ်ဆိုတာ သူလည်းမသိပါဘူး။ ကိုယ်လည်း မသိပါဘူး။ ကိုယ်ဘယ် ရက်သေရမယ်၊ ဘယ်အချိန် သေရမယ်ဆိုတာ ကိုယ်ကိုယ်တိုင် မသိသလို သူလည်းပဲ မသိနိုင်ပါဘူး။

သေချာတာက အရင်ဆုံး ကြိုတင်ပြုလုပ်တာက သေချာပါတယ်။ ဘယ်နေ့ရက်မှာ သေမယ်၊ ဘယ်အချိန်မှာ သေမယ်၊ ဘယ်ရောဂါနဲ့ သေမယ်၊ ဘယ်နေရာမှာ သေမယ်၊ သေပြီးတဲ့နောက်မှာ ဘယ်ရောက်မယ် ဆိုတာကို မသိနိုင်လို့ ကုသိုလ်ကို ချက်ချင်းပြုပါ။

တတ်နိုင်တဲ့ ကုသိုလ်ကောင်းမှု၊ ဒါနနိုင်ရင် ဒါန၊ သီလနိုင်ရင် သီလ၊ ဘာဝနာတရားတွေ ပွားနိုင်တယ် ဆိုရင်လည်းပဲ ဘာဝနာကောင်းမှုကို ပြုပါ။

ဘဝမှာ အရေးကြီးဆုံးအချိန်ဖြစ်တဲ့ သေခါနီး အချိန်မှာ ဒါနအားကောင်းတဲ့သူသည် ဒါနနဲ့သေတယ်။

www.dhammadownload.com

အမြဲမပြတ် အလှူအတန်း လုပ်နေတဲ့သူ နောက်ဆုံး နေ့တိုင်းနေ့တိုင်း သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းလောင်းနေတဲ့သူ၊ သူသေခါနီးကျရင် ဒီအာရုံတွေပဲ သူ့စိတ်မှာ ထင်လာတယ်။ အမြဲတမ်း ဒါနကောင်းမှု ပြုတဲ့သူ ဒါနနဲ့ သေတယ်။

သီလကောင်းမှုကို အလေးထားကာ ကိုယ်ကျင့်သီလ ထိန်းသိမ်းတဲ့သူသည် သေခါနီးအချိန်အခါမှာ သီလနဲ့ သေတယ်။

အမြဲတမ်း တရားဓမ္မတွေ နှလုံးသွင်းအားထုတ်နေတဲ့သူတွေရှိပါတယ်။ တချို့က အချိန်တိုင်း အချိန်တိုင်းမှာလိုလို အမြဲမပြတ် သတိကပ်ပြီးတော့ တရားရှုမှတ်တယ်။ နေ့စဉ်နေ့တိုင်း အချိန်ရရင် အချိန်ရသလို၊ အားရင်အားသလို၊ နောက်ဆုံး အိပ်ခါနီး အချိန်မှာဖြစ်ဖြစ်၊ အိပ်ရာထခါစ မျက်လုံးပွင့်လာတဲ့အချိန်မှာ ဖြစ်ဖြစ်တဲ့ ဘာဝနာတရားကို ပွားများပြီးတော့ နေလေ့ရှိတဲ့သူသည် သေမယ့်အချိန်အခါမှာ ဘာဝနာနဲ့ သေပါလိမ့်မယ်။ ဒါနလည်းမရှိ၊ သီလည်းမရှိ၊ ဘာဝနာလည်းမရှိရင် အကုသိုလ်နဲ့ သေပါလိမ့်မယ်။

တချို့ကသားသမီးစွဲပြီးသေတယ်။ "သားသမီးတွေ စိတ်မချဘူး၊ ငါမရှိရင် အဆင်မှ ပြေပါ့မလား၊ ဘယ်လို များနေကြမလဲ၊ ဒုက္ခများ ရောက်ကြမလား၊ မျက်နှာများ ငယ်ကြမလား" ဒါ တွေးပြီးတော့ ဒီအစွဲနဲ့ သေတာ အကုသိုလ်နဲ့သေတာပါ။လောဘနဲ့ သေတာပါ။

www.dhammadownload.com

တချို့က ပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာတွေကို မစွန့်နိုင်ဘူး။ သေတယ်ဆိုတာ အကုန်လုံး စွန့်သွားရတာ ထားခဲ့ရတာပါ သက်ရှိသက်မဲ့တွေ ဘာတစ်ခုမျှ ယူမသွားနိုင်ဘူး။ အကုန်စွန့်ခွာသွားခဲ့ရတဲ့အချိန်မှာ ဒီပစ္စည်းဥစ္စာကို တွယ်တာတယ်၊ စွဲလမ်းတယ်၊ သားသမီးစွဲတာက သက်ရှိစွဲတာပါ။ အိုးအိမ်တိုက်တာ နေရာထိုင်ခင်း၊ ပိုင်ဆိုင်ထားတဲ့ အရာဝတ္ထုတွေ စွဲလမ်းတာ သည် သက်မဲ့ကို စွဲလမ်းတာပါ။ တချို့က ပစ္စည်းစွဲ၊ အဲဒီလို စွဲလမ်းပြီး သေရင်လည်း လောဘနဲ့ သေတာပါ။

တချို့ကျတော့လည်း နေထိုင်မကောင်းဖြစ်တဲ့ အချိန်အခါမှာ ဘယ်သူ့မျှ စိတ်တိုင်းမကျဘူး၊ ဘာမျှ အလိုမကျဘူး၊ ကိုယ်မသွားနိုင် မလာနိုင်တာ မလှုပ်ရှားနိုင်တာ နေချင်သလို နေလို့မရတာ၊ စားချင်တာ စားလို့ မရတာ၊ မကျေနပ်ဖြစ်ပြီးတော့ ဒေါသနဲ့ သေသွားတယ်။ အကုသိုလ်နဲ့သေတာပါ။

တချို့က ဘာမျှ မသိလိုက်ဘဲနဲ့ ဘာအတွေးအမြင်မျှလည်း မရှိဘဲနဲ့ မိန်းမောပြီးတော့ မေ့မြောပြီးတော့ သေသွားတယ်။ မောဟနဲ့သေတာပါ။

ဒါကြောင့် အရေးကြီးတာသည် ကိုယ့်မှာ လက်ဆုပ်လက်ကိုင် တစ်ခုရှိဖို့ အရေးကြီးပါတယ်။ ငါ ဘယ်လိုသေမလဲ၊ ငါ ဘာနဲ့ သေမှာလဲဆိုတဲ့ မေးခွန်း ကိုယ်ကိုယ်တိုင် ဖြေနိုင်အောင် ကြိုးစားပါ။ ဒါနနဲ့ သေမလား၊ သီလနဲ့ သေမလား၊ ဘာဝနာတရား

www.dhammadownload.com

အားထုတ်ပြီးတော့ သေမလား။ ဘာနဲ့ ငါ သေရမှာလဲ၊ ဘာနဲ့ ငါ သေသင့်သလဲဆိုတာကို ကိုယ်ကိုယ်တိုင် တိတိကျကျ ဖြေနိုင်ပြီဆိုရင် သေရဲပြီ၊ သေရမှာလည်း မကြောက်တော့ပါဘူး။

အဲဒီလို သေရဲတဲ့သူတစ်ယောက်ဖြစ်အောင်၊ သေတတ်တဲ့သူတစ်ယောက် ဖြစ်လာအောင် ကုသိုလ်ကောင်းမှုတွေကို အချိန်မဆွဲရပါဘူး။ ချက်ချင်းလုပ်ရမှာပါ။

ဆုံးဖြတ်ချက် ပိုင်ပိုင်ချပါ။ ဒါနနဲ့ သေမယ်၊ သီလနဲ့ သေမယ်၊ ဘာဝနာနဲ့သေမယ်။ အားကိုးတစ်ခု ပိုင်ပိုင်မိမိ ရထားအောင်နဲ့ ကုသိုလ်ကောင်းမှု မှန်သမျှကို မနက်ဖြန် မရွှေ့ပါနဲ့။ မနက်ဖြန်ဆိုတာသည် မသေချာပါဘူး။ သေချာတဲ့ အခုချိန်မှာ ချက်ချင်းကို ကုသိုလ်ကောင်းမှု ပြုမှ ဖြစ်မယ်လို့ မြတ်စွာဘုရားရှင် ကုန်သည်ကြီးကို အကြောင်းပြုပြီးတော့ ဟောခဲ့တဲ့တရား၊ မေးမြန်းလာကြတဲ့၊ သိလိုလာကြတဲ့ ရဟန်းသံဃာတွေ ဘုရားရှင် ပြန်ဟောပြလိုက်ပါတယ်။

ဒေသနာဝသာနေ - တရားနိဂုံးဆုံးတဲ့ အချိန်အခါ၌၊ ဗဟူ - များစွာကုန်သော၊ ပရိသာ - ပရိသတ်တို့သည်၊ သောတာပတ္တိဖလာဒီနိ - သောတာပတ္တိဖိုလ် စသည်တို့သို့၊ ပါပုဏိံသု - ကောင်းစွာမသွေ ရောက်တော်မူကြပါတယ်။

www.dhammadownload.com

ကုန်သည်ကြီးကို အကြောင်းပြုကာ ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားဒေသနာကို နာယူမှတ်သားကြရတဲ့ ပရိသတ်တွေ တရားအသိ အမြင်တွေ ရရှိသွားကြပါတယ်။ မဂ်ဖိုလ်တရားထူးတွေကိုလည်း ရရှိသွားကြပါတယ်။ သံဝေဂတွေ ရကြပါစေ။ တရားအသိအမြင်တွေ ရကြပါစေ။ မဂ်ဖိုလ်တရားထူးတွေကိုလည်း ရရှိကြပါစေလို့ ဆုတောင်းပြီး တရားနိဂုံးချုပ်ကြပါစို့။

ဒေါက်တာအရှင်ပညာသီရ

ဓမ္မဒူတတောရ သာသနာ့ရိပ်သာ

ဟံသာဝတီဂေါက်ကွင်းအနီး၊

ဆယ်မိုင်ကုန်း၊ပဲခူးမြို့။

www.dhammadownload.com

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရာဘိဝံသ

၏

ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ တရားနှင့်နေပါ

၂။ တရားမရခြင်းအကြောင်းရင်း

၃။ အပါယ်တံခါးပိတ်ထားကြစို့

၄။ လမ်းညွှန်တရားဆောင်ပုဒ်များ

၅။ မငိုကြသောမိသားစု

၆။ လိုရင်းတိုရှင်းဝိပဿနာ

၇။ တရားဘယ်လိုကျင့်ရမလဲ

www.dhammadownload.com

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရာဘိဝံသ၏
ရေးသားထုတ်ဝေပြီး စာအုပ်များ

၈။ How To Pratise Meditation

၉။ လိုအင်ဆန္ဒတွေပြည့်ပါစေ

၁၀။ ဘာသာမဲ့သူလေး

၁၁။ သေဘေးဆင်ခြင် ကြိုတင်ကာပြင်

၁၂။ တရားချစ်တဲ့သူ

၁၃။ တစ်နေ့ကုန်သွားရင်

၁၄။ တရားကျင့်သူနှင့် မကျင့်သူ

၁၅။ နမောတဿ ဘုရားရှိခိုး

၁၆။ ဘဝစစ်တမ်း

၁၇။ ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင်

၁၈။ ပေးဆပ်ရမည့်အကြွေး

၁၉။ တရားဘာကြောင့် ကျင့်ရတာလဲ

၂၀။ တရားကျင့်ဖို့ ကောင်းတဲ့အချိန်

၂၁။ တရားရနိုင် မရနိုင်

www.dhammadownload.com

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရာဘိဝံသ၏
ရေးသားထုတ်ဝေပြီး စာအုပ်များ

၂၂။ တရားကျောင်းက ခေါင်းလောင်းသံ

၂၄။ နီးလျက်နှင့်ဝေး

၂၅။ အရှုံးထဲကအမြတ်

၂၆။ အမှတ်တမဲ့အမှား

၂၇။ ဘာဝနာဆိုသည်မှာ

၂၈။ တရားကပေးတဲ့ချမ်းသာ

၂၉။ ဓမ္မလမ်းပေါ်မှာ

၃၀။ နှောင်ဖွဲ့မမြင်သံယောဇဉ်

၃၁။ ဥပုသ်စောင့်တဲ့ရည်ရွယ်ချက်

၃၂။ ကျေးဇူးသိတတ် ကျေးဇူးဆပ်

၃၃။ ဘာအရေးကြီးဆုံးလဲ

၃၄။ ကိုယ့်ရဲ့ကယ်တင်ရှင်

၃၅။ မနက်ဖြန်ဆိုတာ မသေချာ

၃၆။ ကြည့်ရင်းကြည့်ရင်း ပျက်ယိုယွင်း

www.dhammadownload.com

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရာဘိဝံသ၏
ရေးသားထုတ်ဝေပြီး စာအုပ်များ

၃၇။ ဘဝထဲမှာ တရားရှာ

၃၈။ ဆုံးမလွယ်သူ ဖြစ်ပါစေ

၃၉။ မကျန်းမမာဖြစ်လာလျှင်

၄၀။ အဆုံးအမတရားတော်

၄၁။ နိဗ္ဗာန်လမ်းဆီသို့

၄၂။ ကုသိုလ်အစု မျှဝေပြု

၄၃။ ကိလေသာနှောင်အိမ်

၄၄။ အနှောင်အဖွဲ့တရားတော်

www.dhammadownload.com